# Module 6.1: TRAINING (I)
# အစီအစဉ် (၆.၁) - သင်တန်းပို့ချခြင်းအပိုင်း (၁)

**Purpose of Session:** To introduce key concepts for conducting training.
**အစီအစဉ်၏ ရည်ရွယ်ချက်** - သင်တန်းပို့ချခြင်းအတွက် အဓိက သဘောတရားများအား မိတ်ဆက်ရန်။

### Outcomes, Skills and Methodologies
### ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားရေးနည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session participants will be able to:<br>• List the characteristics of a "good" training and a "bad" training.<br>• Rank the effectiveness of different types of training methods.<br>• Conduct a training needs assessment. | ဤအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခြင်းအားဖြင့် သင်တန်းသူ၊သားများသည် အောက်ပါတို့ကို ပြုလုပ်လာနိုင်မည်။<br>• ကောင်းမွန်သော သင်တန်း တစ်ခုနှင့် ညံ့ဖျင်းသော သင်တန်းတစ်ခုတို့ သွင်ပြင် လက္ခဏာများကို စာရင်းပြုစုလာနိုင် မည်။<br>• သင်တန်းတွင် အသုံးပြုသည့် ထိရောက်သော သင်ကြားနည်း နည်းပညာများ ပုံစံ အမျိုးမျိုးအား အဆင့်သတ်မှတ်လာနိုင်မည်။<br>• သင်တန်းလိုအပ်ချက် အကဲဖြတ်ခြင်းအား လုပ်ဆောင်လာနိုင်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session the participants will practice the following skills:<br>• Communication<br>• Sharing Ideas<br>• Cooperation<br>• Analysis | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါကျွမ်းကျင်မှုများကို လေ့ကျင့်ရမည် ဖြစ်သည်။<br>• ဆက်သွယ်ပြောဆိုခြင်း<br>• အိုင်ဒီယာ စိတ်ကူးများ မျှဝေခြင်း<br>• အတူပူးပေါင်းဆောင်ရွက်ခြင်း<br>• ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session the participants will practice the following methodologies:<br>• Group discussion and presentation<br>• Ranking<br>• Simulation | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ဖော်ပြပါ သင်ကြားရေးနည်းပညာများကို လေ့ကျင့်ကြရမည်။<br>• အုပ်စုဖွဲ့ဆွေးနွေးခြင်း နှင့် တင်ပြခြင်း<br>• အဆင့်သတ်မှတ်ခြင်း<br>• သရုပ်သကန် ဖန်တီးခြင်း |

### Preparation
### ပြင်ဆင်ပုံ

| Handouts: | ဝေငှစာရွက်များ |
|---|---|
| In this session participants will use the following handouts:<br>• 6.1.1 Types of Learning<br>• 6.1.2 Learning Pyramid<br>• 6.1.3 Training Needs Assessment | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါတို့ကို အသုံးပြုရမည်။<br>• ၆.၁.၁ သင်ယူလေ့လာမှု အမျိုးအစားများ<br>• ၆.၁.၂ လေ့လာသင်ယူမှု ပိရမစ်<br>• ၆.၁.၃ သင်တန်းအကဲဖြတ်ပုံစံ |

| OPEN SESSION | (5 mins) |
| --- | --- |
| **အဖွင့်အစီအစဉ်** | **(၅ မိနစ်)** |

Training is one type of community engagement. In the next two sessions, participants will look at some of the key concepts for conducting successful trainings. Read and explain the outcomes for the session.
သင်တန်းပေးခြင်းသည် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း အမျိုးအစားတစ်ခု ဖြစ်သည်။ နောက်လာမည့် အစီအစဉ် နှစ်ခုတွင် သင်တန်းသူ၊သားများသည် အောင်မြင်သော သင်တန်းများ ပေးခြင်းအတွက် အဓိက အရေးပါသော သဘောတရား အချို့ကို လေ့လာကြရမည် ဖြစ်သည်။. ဤအစီအစဉ်၏ သင်ယူမှုရလဒ်များကို ဖတ်၍ ရှင်းပြပါ။

| REVIEW | (5 mins) |
| --- | --- |
| **ပြန်လည်လေ့လာခြင်း** | **(၅ မိနစ်)** |

Link the outcomes and activities in this session to what has been done in previous sessions.
ယခင်အစီအစဉ်တွင် ပြုလုပ်ခဲ့သောအရာများနှင့် ယခုအစီအစဉ်တွင် ရရှိလာမည့် ရလဒ်များနှင့် လှုပ်ရှားမှုများကိုချိတ်ဆက်ပါ။

| ACTIVITY 1: WHAT MAKES A GOOD TRAINING? | (25 mins) |
| --- | --- |
| **လှုပ်ရှားမှု ၁: ကောင်းမွန်သော သင်တန်းတစ်ခု ဖြစ်အောင် မည်သည်တို့က ပြုလုပ်ပေးသနည်း။** | **( ၂၅ မိနစ်)** |
| **Purpose of Activity:** To identify common characteristics of a good training.<br>**အစီအစဉ်၏ ရည်ရွယ်ချက် -** ကောင်းမွန်သော သင်တန်းတစ်ခု၏ တူညီသော သွင်ပြင်လက္ခဏာများကို ဖော်ထုတ်နိုင်ရန်<br><br>**Methodology:** Group discussion<br>**သင်ကြားရေးနည်းစနစ် -** အဖွဲ့လိုက်ဆွေးနွေးခြင်း<br><br>**Materials:** Flipchart paper and markers<br>**သင်ထောက်ကူပစ္စည်းများ** - စာရွက်ဖြူကြီး နှင့် မာကာများ<br><br>**Handout(s):** No handouts<br>**ဝေငှစာရွက် (များ) -** မရှိ | |

**Instructions**
**ညွှန်ကြားချက်များ**

- Divide participants into 5 groups.
- သင်တန်းသူ၊သားများအား အဖွဲ့ (၅)ဖွဲ့ ဖွဲ့ပါ။
- Ask each group to think about training they have attended in the past and to think about what made it a "good" training or what made it a "bad" training.
- အဖွဲ့တစ်ခုစီအား ယခင်က ၎င်းတို့ တက်ခဲ့ဖူးသော သင်တန်းများအကြောင်း ပြန်လည် စဉ်းစားစေပြီး ကောင်းမွန်သော သင်တန်းဖြစ်အောင် ဘယ်အရာများက ပြုလုပ်ပေးပြီး ညံ့ဖျင်းသော သင်တန်းဖြစ်အောင် ဘယ်အရာများ ပြုလုပ်ပေးသည်ကို စဉ်းစားစေပါ။
- Ask participants to make a list on the flipchart paper of the characteristics of a "good" training and the characteristics of a "bad" training.
- သင်တန်းသူ၊သားများအား ကောင်းမွန်သော သင်တန်းတစ်ခု နှင့် ညံ့ဖျင်းသော သင်တန်းတစ်ခု၏ သွင်ပြင်လက္ခဏာများကို စာရွက်ဖြူကြီးပေါ်တွင် ချရေး၍ စာရင်း ပြုစုစေပါ။
- Ask participants to choose one member of the group that will present their list.
- စာရင်းအား တင်ပြရန် အဖွဲ့ဝင်တစ်ယောက်အား ရွေးချယ်ပါ။

- Discussion time: 10 minutes.
- ဆွေးနွေးချိန် ၁၀ မိနစ်
- Presentation time: 10 minutes
- တင်ပြချိန် ၁၀ မိနစ်

**Closing Activity**
**အပိတ်လှုပ်ရှားမှု**
Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းများကို မေးပါ။

- What factors do we consider when deciding if a training is "good" or "bad"?
- သင်တန်းတစ်ခု ကောင်းသည် (သို့) မကောင်းသည်ကို မည်သည့်အချက်များကိုကြည့်၍ ကျွန်တော်တို့ ဆုံးဖြတ်ကြပါသနည်း။
- Are all of these factors the responsibility of the trainer?
- ဤအချက်များအားလုံးသည် သင်တန်းနည်းပြ၏ တာဝန်ဖြစ်ပါသလား။
- Is there one factor that you think is most important in delivering a "good" training?
- ကောင်းမွန်သော သင်တန်းတစ်ခု ပို့ချရာ၌ အရေးကြီးဆုံးဟု သင် ထင်မြင်ယူဆသည့် အချက်မှာ အဘယ်နည်း။

| ACTIVITY 2: LEARNING PYRAMID | (15 mins) |
|---|---|
| **လှုပ်ရှားမှု ၂- ပိရမစ်ပုံစံ သင်ယူလေ့လာခြင်း** | **( ၁၅ မိနစ်)** |
| **Purpose of Activity:** To understand adult learning and the value of using interactive teaching methodologies.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** သင်တန်းသားများအား အရွယ်ရောက်ပြီးသူများလေ့လာပုံ နှင့် အပြန်အလှန် သင်ကြားရေးနည်းပညာကို အသုံးပြုရခြင်း၏ တန်ဖိုးကို နားလည်ရန်။<br><br>**Methodology:** Ranking<br>**သင်ကြားရေးနည်းစနစ်** - အဆင့်သတ်မှတ်ခြင်း<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ** - မရှိ<br><br>**Handouts:** 6.1.1 Types of Learning<br>6.1.2 Learning Pyramid<br>**စာရွက်များ -** ၆.၁.၁ သင်ယူလေ့လာမှု ပုံစံများ<br>၆.၁.၂ ပိရမစ် ပုံစံ သင်ယူလေ့လာမှု | |

**Instructions**
**ညွှန်ကြားချက်များ**

- The types of training methods used will often influence our opinion about whether a training was "good" or "bad".
- သင်တန်းတစ်ခု ကောင်းမွန်သည် (သို့) ညံ့ဖျင်းသည်ဟူသော ကျွန်တော်တို့၏ ထင်မြင်ချက်များအပေါ် အသုံးပြုခဲ့သော သင်ကြားရေး နည်းပညာအမျိုးအစားများသည် လွှမ်းမိုးမှု ရှိနေပါလိမ့်မည်။
- Now we are going to look at different types of training methods and their effectiveness.
- ယခုအခါမှာတော့ မတူညီသောသင်ကြားရေး နည်းပညာများနှင့် ၎င်းတို့၏ ထိရောက်မှုများကိုပါ လေ့လာကြမည် ဖြစ်သည်။
- Call for 7 volunteers and give them each an A4 piece of papers with different ways people learn.

- စေတနာဖြင့် ကူညီဆောင်ရွက်ပေးမည့်သူ (၇) ဦးကိုခေါ်၍ မတူညီသည့် သင်ယူလေ့လာမှုနည်းလမ်းပုံစံ ပါဝင်သော A4 စာရွက်အပိုင်းလေးများကို ဝေပေးပါ။
- Ask them to arrange themselves in a line that they think shows the way people learn. The line must have the person at one end with what the volunteers agree represents the highest percentage of how people learn, with the person next to them with the next highest percentage, down to the least.
- ထို့နောက် သင်တန်းသူ၊သားများကို သူတို့ထင်မြင်သည့် နည်းလမ်းများကို လိုင်းတစ်ခုအတွင်းတွင် အစဉ်လိုက် စီစဉ်ခိုင်းပါ။ ထိုလိုင်းသည် စေတနာဖြင့် ကူညီဆောင်ရွက်ပေးသောသူများကို အစဉ်လိုက်ရပ်ခိုင်းခြင်းကို ဆိုလိုသည်။ လိုင်း၏အဆုံးတဖက်တွင် လူများ အများဆုံး သင်ယူလေ့လာသည့် ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် သူကို ရပ်ခိုင်းထားပြီး ထိုသူ၏ ဘေးလူသည် သင်ယူလေ့လာမှု ထိုထက်နည်းသည့် ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ လိုင်း၏အခြားတဖက် အဆုံးသည် သင်ယူလေ့လာမှု အနည်းဆုံးရာခိုင်နှုန်းကို ကိုယ်စားပြုခြင်းဖြစ်သည်။
- The rest of the group can consider the way the learning styles are ranked and see if they agree.
- ကျန်သည့်သင်တန်းသားများက သင်ယူလေ့လာမှုနည်းလမ်းပုံစံများကို အစဉ်လိုက် စီစဉ်ထားသည့်ကို ကြည့်ပြီး ၎င်းတို့လည်း ထိုအစဉ်လိုက်ကို သဘောတူ-မတူ တွေးတောရန် ဖြစ်သည်။
- If someone in the audience group wants to make a change, they have to stand up and explain what change they want to make and see if the rest of the audience group agrees. If there is no agreement, a vote will need to be taken and a decision made by the majority.
- တစုံတယောက်မှ လိုင်းအတွင်းပြောင်းလဲမှုကိုလုပ်လိုလျှင် မတ်တပ်ရပ်ကာ ပြောင်းလဲလိုရခြင်း၏ အကြောင်းပြချက်ကိုရှင်းပြ၍ အများသဘောတူညီမှုကိုရရှိပါက ပြောင်းလဲမှုကိုပြုလုပ်နိုင်သည်။ သဘောတူညီမှု မရရှိပါက ဆန္ဒမဲပေးသော စနစ်ဖြင့် ပြုလုပ်ကာ အများသဘောဆန္ဒအရ ဆုံးဖြတ်ချက်ကို ပြုလုပ်နိုင်သည်။
- Give participants Handout 6.1.2 The Learning Pyramid.
- သင်တန်းနည်းပြမှ ပိရမစ်ပုံစံ သင်ယူမှု ဝေငှစာရွက် ၆.၁.၂ ကို သင်တန်းသူ၊သားအားလုံးကို ပေးပါ။
- Ask participants to compare the order of the line-up with the pyramid.
- သင်တန်းသူ၊ သားများ ၏ သဘောတူညီမှုအရ အစဉ်လိုက်စဉ်ထားသည့် အရာနှင့် နှိုင်းယှဉ်ပါ။
- Discuss any differences.
- မတူညီမှုများကို ဆွေးနွေးပါ။

**Closing Activity**
**အပိတ်လှုပ်ရှားမှု**

Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်းများကို မေးပါ။

- Did this activity make you think differently about training and the types of teaching methods used?
- ဤလှုပ်ရှားမှုသည် သင်တန်းပေးခြင်းအကြောင်း နှင့် အသုံးပြုသော သင်ကြားရေးနည်းပညာ အမျိုးအစားများ အကြောင်းကို မတူကွဲပြားစွာ တွေးတောမိစေရန် ပြုလုပ်ပေးခဲ့ပါသလား။
- Were there types of learning methods that you thought were more effective than what is reflected on the learning pyramid?
- ပိရမစ်ပုံစံ လေ့လာသင်ယူခြင်းထက် သင်သိသည့် ပိုမိုအားကောင်းသော အခြားသင်ကြားနည်း နည်းပညာများ ရှိပါသလား။
- How can you use the learning pyramid when conducting your own trainings?
- သင်ကိုယ်တိုင် သင်တန်းပေးမည်ဆိုလျှင် ပိရမစ်ပုံစံ လေ့လာသင်ယူခြင်း မည်သို့ အသုံးချပါမည်နည်း။

| | |
|---|---|
| **ACTIVITY 3: TRAINING NEEDS ASSESSMENT** | **(35 mins)** |
| **လှုပ်ရှားမှု ၃ - သင်တန်းလိုအပ်ချက် အကဲဖြတ်ခြင်း** | **(၃၅ မိနစ်)** |

**Purpose of Activity:** To identify the types of information needed to plan for a training and conduct a mock assessment.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** သင်တန်းတစ်ခုပေးရန် စီစဉ်ခြင်း နှင့် အကဲဖြတ်ခြင်း ပုံစံငယ် ပြုလုပ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက် အမျိုးအစားများကို ဖော်ထုတ်ရန်။

**Methodology:** Simulation
**သင်ကြားရေးနည်းစနစ် -** သရုပ်သကန် ဖန်တီးခြင်း

**Materials:** Whiteboard
**သင်ထောက်ကူ ပစ္စည်းများ -** သင်ပုန်း

**Handouts:** 6.1.3 Training Needs Assessment
**ဝေငှစာရွက် -** ၆.၁.၃ သင်တန်းလိုအပ်ချက် အကဲဖြတ်ဆန်းစစ်ခြင်းပုံစံ

**Instructions:**
**ညွှန်ကြားချက်များ**

- Ask participants what kind of information is needed to plan and prepare for a training.
- သင်တန်းသူ၊သားများအား သင်တန်းတစ်ခုပေးရန် စီစဉ်ပြင်ဆင်ရာတွင် လိုအပ်သည့် သတင်းအချက်အလက် အမျိုးအစားများကို မေးပါ။
- Facilitator should note each one on the board. (See Facilitator Note).
- သင်တန်းနည်းပြမှ သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ရမည်။ (သင်တန်းနည်းပြ မှတ်စုတွင် လေ့လာပါ။)
- Then ask participants how or where they can get this information.
- ထို့နောက် သင်တန်းသူ၊သားများအား ထိုသတင်းအချက်အလက်များကို မည်သည့်နေရာနှင့် မည်သို့ရရှိမည်ကို မေးပါ။
- Tell participants that we call this collection of information a TRAINING NEEDS ASSESSMENT OR TRAINING NEEDS ANALYSIS.
- သင်တန်းသူ၊သားများအား ဤကဲ့သို့ သတင်းအချက်အလက် စုဆောင်းခြင်းကို သင်တန်းလိုအပ်ချက် အကဲဖြတ်လေ့လာခြင်း (သို့) သင်တန်းလိုအပ်ချက် ခွဲခြမ်းစိတ်ဖြာခြင်း ခေါ်ကြောင်း ပြောပါ။

**Notes to facilitators**
Participants should list the following types of information needed by the trainer to prepare and plan for a training:
**သင်တန်းနည်းပြအတွက်မှတ်စုများ**
သင်တန်းသူ၊သားများသည် သင်တန်းတစ်ခု ပြင်ဆင်စီစဉ်ရာတွင် သင်တန်းနည်းပြတစ်ယောက် လိုအပ်နိုင်သည့် အောက်ပါ သတင်းအချက်အ လက်မျိုးကို စာရင်းပြုစုသင့်ပါသည်။

- What skill or topic is training needed for?
- သင်တန်းမှ မည်သည့် ကျွမ်းကျင်မှု (သို့) ခေါင်းစဉ် လိုအပ်ပါသနည်း။
- What level of knowledge do participants already have about the skill or topic?
- သင်တန်းတွင် ဆွေးနွေးလေ့လာကြမည့် ကျွမ်းကျင်မှု နှင့် ခေါင်းစဉ်အား မည်သည့် အသိပညာ ဗဟုသုတ အဆင့်လောက်အထိ သင်တန်းသူ၊သားများမှ သိရှိပြီး ဖြစ်ပါသနည်း။
- Who are the participants? Age, gender, experience, professional role, educational level, disabilities.
- သင်တန်းသူ၊သားများသည် မည်သူတို့ ဖြစ်ပါသနည်း။ အသက်၊ လိင်၊ အတွေ့အကြုံ၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေး၊ မသန်စွမ်း။
- How many participants?

- သင်တန်းသူ၊သား အရေအတွက် မည်မျှနည်း။
- How much time for the training? How many days?
- သင်တန်း အချိန် ဘယ်လောက်ကြာမလဲ။ ရက်မည်မျှ ကြာမည်နည်း။
- What resources are available? Budget, training hall, equipment, handouts.
- မည်သည့် အရင်းအမြစ်များ ရရှိနိုင်မည်နည်း။ ဘတ်ဂျက်၊ သင်တန်းခန်းမ၊ ပစ္စည်း၊ ဝေငှစာရွက်များ။
- Personnel support for the training. Is there an assistant or co-trainer?
- သင်တန်းအတွက် လူပုဂ္ဂိုလ် အထောက်အပံ့။ အကူသင်တန်းနည်းပြ (သို့) တွဲဖက်သင်တန်းနည်းပြ ရှိပါသလား။

- Now tell participants that they are going to practice conducting a training needs assessment by interviewing each other.
- သင်တန်းသူ၊သားများအား ၎င်းတို့သည် သင်တန်းလိုအပ်ချက် အကဲဖြတ်ဆန်းစစ်ခြင်းအား တစ်ယောက်နှင့်တစ်ယောက် အင်တာဗျူးခြင်းဖြင့် လေ့ကျင့်ကြမည်ဖြစ်ကြောင်း ပြောပါ။
- Ask participants to find a partner. Give each participant a copy of Training Assessment Form: for consistency with Handout 6.1.3.
- သင်တန်းသူ၊သားများအား မိမိနှင့်အတူတွဲ၍ အလုပ်လုပ်မည့် ပါတနာတစ်ယောက်ရှာစေပါ။ သင်တန်းသူ၊သား တစ်ယောက်ချင်းစီကို ဝေငှစာရွက် ၆.၁.၃ သင်တန်းလိုအပ်ချက် ခွဲခြမ်းစိတ်ဖြာခြင်းအားပေးပါ။
- Tell each pair that they will have 10 minutes to interview each other and complete Handout 6.1.3.
- နှစ်ယောက်တတွဲ သင်တန်းသူ၊သားများအား တစ်ယောက်နှင့် တစ်ယောက် အင်တာဗျူးရန် နှင့် ဝေငှစာရွက် ၆.၁.၃ အား ဖြေဆိုရန် အချိန် ၁၀ မိနစ် ပေးပါ။
- The person being interviewed should think about his/her community and the possible training needs when responding to questions.
- အင်တာဗျူးခံရသည့် ပုဂ္ဂိုလ်သည် မေးခွန်းများကို ဖြေဆိုရာ၌ ၎င်း၏ လူမှုအဖွဲ့အစည်း နှင့် ဖြစ်နိုင်သော သင်တန်း လိုအပ်ချက်များကို စဉ်းစားရမည် ဖြစ်သည်။
- Facilitator should keep time and announce that the participants should switch roles after 10 minutes.
- သင်တန်းနည်းပြမှ အချိန်မှတ်ထားပြီး ၁၀မိနစ် ပြည့်သောအခါ သင်တန်းသူ၊သားများအား နေရာလဲ၍ အင်တာဗျူး ပြုလုပ်ရန် ကြေငြာပေးရမည်။

**Closing Activity**

**အပိတ်လှုပ်ရှားမှု**

Ask participants the following questions:

သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းများကို မေးပါ။

- If you were planning to give a training, who would you meet with to do the training needs assessment?
- သင်သည် သင်တန်းတစ်ခုပေးရန် စီစဉ်ရမည်ဆိုလျှင် သင်တန်းလိုအပ်ချက် အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်ရန် သင် မည်သူနှင့် တွေ့ဆုံမည်နည်း။
- What questions do you think are most important to ask when conducting a training needs assessment?
- သင်တန်းလိုအပ်ချက် အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်ရာ၌ မေးရမည့် အရေးကြီးဆုံးသော မေးခွန်းများမှာ အဘယ် နည်း။
- Why is it important to do a training needs assessment?
- သင်တန်းလိုအပ်ချက် အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်ရန် အဘယ့်ကြောင့် အရေးကြီးပါသနည်း။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **( ၅ မိနစ်)** |

In closing, ask the whole group the following questions:
အပိတ်တွင် အောက်ပါမေးခွန်းများကို သင်တန်းသူ၊သား အားလုံးကို မေးပါ။

- Do you think training is an effective method of community engagement? Why or why not?
- သင်တန်းပေးခြင်းသည် လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်ခြင်းအတွက် ထိရောက်သော နည်းတစ်ခု ဖြစ်သည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့် ဤသို့ ထင်သနည်း။ အဘယ့်ကြောင့် ဤသို့ မထင်သနည်း။
- Can some of the concepts discussed in this session also be applied to other types of community engagement?
- ဤအစီအစဉ်တွင် ဆွေးနွေးခဲ့သော သဘောတရားအချို့ကို အခြား လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု အမျိုးအစားများအတွက် အသုံးပြုနိုင်ပါသလား။
- In this session we have looked at training methods and training needs assessments. What rule of law principles are linked to these activities?
- ဤအစီအစဉ်၌ ကျွန်တော်တို့သည် သင်တန်းပေးခြင်း နည်းစနစ်များနှင့် သင်တန်းလိုအပ်ချက် အကဲဖြတ် ဆန်းစစ်ခြင်းများကို လေ့လာခဲ့ကြသည်။ ဤလှုပ်ရှားမှုများအား မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ချိတ်ဆက်၍ ရနိုင်ပါသနည်း။

Handout 6.1.1: Types of Learning

ဝေငှစာရွက် (၆.၁.၁) - သင်ယူလေ့လာမှုပုံစံများ

# LECTURE

# ဟောပြောချက်

# READING

# စာဖတ်ခြင်း

# AUDIO-VISUAL

# ရုပ်သံ

# DEMONSTRATION
# သရုပ်ပြခြင်း

# DISCUSSION GROUP
# တိုင်ပင်ဆွေးနွေးအဖွဲ့

# PRACTICE BY DOING
# လက်တွေ့ကျင့်သုံးခြင်း

# TEACH OTHERS, IMMEDIATE USE
# အခြားသူများအား သင်ကြားပါ ချက်ခြင်းအသုံးပြုပါ

## Handout 6.1.2: Learning Pyramid
## ဝေငှစာရွက် (၆.၁.၂) - ပိရမစ်ပုံစံသင်ယူလေ့လာခြင်း




### ပိရမစ်ပုံစံ သင်ယူလေ့လာခြင်း



## Handout 6.1.3: Training Needs Assessment
## ဝေငှစာရွက် (၆.၁.၃) - သင်တန်းလိုအပ်ချက် အကဲဖြတ်ဆန်းစစ်ခြင်း ပုံစံ

| |
|---|
| 1.a. What is the training need? (A training need is a gap between the knowledge required for the person to do his job and what the person actually knows.)<br><br>1.b. What benefit or outcome is expected from the training? |
| 2. Who are the training participants? (how many, position, rank, job description, knowledge level, availability, gender) |
| 3. What resources are needed? What is the budget? (training hall, meals, equipment (powerpoint/computer), interpreter, handouts) |
| 4. What are the time issues? (number days/hours required) |
| 5. Special considerations of the participants (disability, language) |

## သင်တန်း လိုအပ်ချက် အကဲဖြတ် ဆန်းစစ်ခြင်း ပုံစံ

| |
|---|
| ၁။ က။ သင်တန်း လိုအပ်ချက်က ဘာလဲ။ (သင်တန်းလိုအပ်ချက်တစ်ခုသည် လူတစ်ယောက် ၎င်း၏ အလုပ် လုပ်ရန်အတွက် လိုအပ်သော အသိပညာ ဗဟုသုတ နှင့် ထိုလူ အမှန်တကယ် သိသော အသိပညာ ဗဟုသုတတို့ကြားရှိ ကွာဟချက် တစ်ခု ဖြစ်သည်။)<br><br>၁။ ခ။ ဤသင်တန်းမှ မည်သည့် အကျိုးရလဒ် (သို့) သင်ယူမှုရလဒ်များကို မျှော်လင့်ထားပါသနည်း။ |
| ၂။ သင်တန်းတွင် တက်ရောက်မည့် သင်တန်းသူ၊သားများမှာ မည်သူတွေ ဖြစ်သနည်း။ (အရေအတွက်၊ နေရာ၊ ရာထူး၊ အလုပ်အကြောင်း ဖော်ပြချက်၊ အသိပညာ ဗဟုသုတ အဆင့်၊ တက်ရောက်နိုင်မှု၊ လိင်) |
| ၃။ မည်သည့် အရင်းအမြစ်များ လိုအပ်ပါသနည်း။ ဘတ်ဂျက်ကရော ဘာလဲ။ (သင်တန်းခန်းမ၊ အစားအစာ၊ ပစ္စည်း (ပါဝါပွိုင့်၊ ကွန်ပြူတာ)၊ စကားပြန်၊ ဝေငှစာရွက်များ) |
| ၄။ အချိန်ကိစ္စပြဿနာများသည် အဘယ်နည်း။ (လိုအပ်သော နေ့အရေအတွက်/နာရီ) |
| ၅။ သင်တန်းသူ၊သားများအတွက် အထူးတလည် ထည့်သွင်းစဉ်းစားပေးခြင်း (မသန်စွမ်း၊ ဘာသာစကား) |

# Module 6.2: Training (II)
# အစီအစဉ် (၆.၂) - သင်တန်းပို့ချခြင်းအပိုင်း (၂)

**Purpose of Session:** To provide an understanding of the purpose, use and construction of "Purpose" and "Outcomes" as well as the process of outlining the training content as fundamental steps in the construction of a lesson plan.

**အစီအစဉ်၏ ရည်ရွယ်ချက် -** ရည်ရွယ်ချက်အားနားလည်သဘောပေါက်စေရန်၊ ရည်ရွယ်ချက်နှင့် သင်ယူမှုရလဒ်များကို ချမှတ်ပုံနှင့် အသုံးပြုပုံ၊ သင်ခန်းစာအစီအစဉ် ရေးဆွဲရာတွင် အခြေခံကျသော အဆင့်များဖြစ်သည့် သင်တန်းတွင် အသုံးပြုမည့်အကြောင်းအရာအား ကောက်ကြောင်း (outline) ရေးဆွဲခြင်းများ ကို နားလည်သဘောပေါက်စေရန် ရည်ရွယ်သည်။

**Outcomes, Skills and Methodologies**
**ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားရေးနည်းစနစ်များ**

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session, participants will be able to<br>• Define the terms Purpose, Outcomes and Training Content<br>• Explain the difference between Purpose and Outcomes<br>• Write a Purpose<br>• Write Outcomes<br>• Explain the process of outlining | ဤအစီအစဉ်၏ ရလဒ်အဖြစ် သင်တန်းသူ၊သားများသည်ါ အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။<br>• ရည်ရွယ်ချက်၊ သင်ယူမှု ရလဒ်များ နှင့် သင်ကြားမည့် အကြောင်းအရာများအား အဓိပ္ပာယ်ဖွင့်ဆို တတ်လာမည်။<br>• ရည်ရွယ်ချက် နှင့် ရလဒ်များ၏ ခြားနားပုံကို ရှင်းပြလာနိုင်လိမ့်မည်။<br>• ရည်ရွယ်ချက်တစ်ခု ရေးတတ်လာနိုင်လိမ့်မည်။<br>• ရလဒ်များကို ရေးတတ်လာနိုင်လိမ့်မည်။<br>• ကောက်ကြောင်း (outlining) လုပ်ငန်းစဉ်ကို ရှင်းပြလာနိုင်လိမ့်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session, participants will practice the following skills:<br>• Writing Training Purpose and Outcomes<br>• Drafting an Outline for a training<br>• Sequencing Training Content | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါ ကျွမ်းကျင်မှုများကို လေ့ကျင့်ရမည် ဖြစ်သည်။<br>• သင်တန်းရည်ရွယ်ချက်နှင့် ရလဒ်များကို ရေးသားခြင်း<br>• သင်တန်းတစ်ခုအတွက် ကောက်ကြောင်း (outline) အကြမ်းရေးနိုင်လာလိမ့်မည်။<br>• သင်ကြားမည့် အကြောင်းအရာအား အစီအစဉ် ချမှတ်တတ်လာလိမ့်မည်။ |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session the participants will practice the following methodologies:<br>• Categorization<br>• Group discussion | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြရမည်။<br>• အမျိုးအစား ခွဲခြားခြင်း<br>• အုပ်စုဖွဲ့ ဆွေးနွေးခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session participants will use the following hand outs:<br>• Handout 6.2.1 Purpose and Outcome Statements<br>• Handout 6.2.2 Lesson Plan Sample | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါတို့ကို အသုံးပြုရမည်။<br>• ဝေငှစာရွက် ၆.၂.၁ ရည်ရွယ်ချက် နှင့် ရလဒ်ဖော်ပြချက်များ<br>• ဝေငှစာရွက် ၆.၂.၂ သင်ခန်းစာ ပြင်ဆင်ချက် နမူနာ |

| REVIEW | (5 mins) |
|---|---|
| ပြန်လည်လေ့လာခြင်း | (၅ မိနစ်) |

Link the outcomes and activities in this session to what has been done in previous sessions.
ယခင်အစီအစဉ်တွင် ပြုလုပ်ခဲ့သော အရာများနှင့် ယခုအစီအစဉ်တွင် ရရှိလာမည့် ရလဒ်များနှင့် လှုပ်ရှားမှုများကို ချိတ်ဆက်ပါ။

| OPEN SESSION | (5 mins) |
|---|---|
| အဖွင့်အစီအစဉ် | (၅ မိနစ်) |

Review purpose and outcomes for this session.
ဤအစီအစဉ်အတွက် ရည်ရွယ်ချက်နှင့် ရလဒ်များအား ပြန်လည် လေ့လာပါ။

| FOCUSER: TRAINING CONTENT | (10 mins) |
|---|---|
| Focuser: သင်ကြားမည့် အကြောင်းအရာ | (၁၀ မိနစ်) |

Ask participants to brainstorm answers to this question: "Once you decide to conduct a training, how do you decide what material or content to include?"
သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်း၏ အဖြေများကို ကြိုတင်ကြံဆ တွေးတောစေပါ။ "သင်သည် သင်တန်း တစ်ခု ပေးမည်ဟု ဆုံးဖြတ်ပြီးလျှင် မည်သည့် သင်ထောက်ကူပစ္စည်း (သို့) အကြောင်းအရာအား ထည့်သွင်းမည်ကို မည်သို့ ဆုံးဖြတ်ပါသနည်း။"

| FOCUSER: DEFINING PURPOSE AND OUTCOMES | (10 mins) |
|---|---|
| Focuer: ရည်ရွယ်ချက် နှင့် ရလဒ်များအား အဓိပ္ပာယ် ဖွင့်ဆိုခြင်း | (၁၀ မိနစ်) |

**Instructions**
**ညွှန်ကြားချက်များ**

- Refer participants to the Purpose and Outcomes for this session.
- သင်တန်းသူ၊သားများအား ဤအစီအစဉ်၏ ရည်ရွယ်ချက် နှင့် ရလဒ်များကို ပြန်လည် ပြောပြပါ။
- Ask participants why they think we review the purpose and outcomes before each session.
- အစီအစဉ် တစ်ခုမစတင်မီ ကျွန်တော်တို့ ဘာကြောင့် ရည်ရွယ်ချက်နှင့် ရလဒ်များကို ပြောပြသည်ဟု ထင်ပါသနည်းဟု သင်တန်းသူ၊သားများအား မေးပါ။
- How do the purpose and outcomes help the trainer?
- ရည်ရွယ်ချက် နှင့် ရလဒ်များက သင်တန်းနည်းပြအား မည်ကဲ့သို့ ကူညီပေးပါသနည်း။
- How do the purpose and outcomes help the participants?
- ရည်ရွယ်ချက်နှင့် ရလဒ်များက သင်တန်းသူ၊သားများအား မည်သို့ ကူညီပေးပါသနည်း။
- What do they see as the difference between purpose and outcomes?

- ရည်ရွယ်ချက် နှင့် ရလဒ်များ၏ ခြားနားချက်သည် ဘာဖြစ်မည်နည်း။
- How do you think purpose and outcomes are related to training content?
- ရည်ရွယ်ချက်နှင့်ရလဒ်များသည် သင်ကြားမည့်အကြောင်းအရာနှင့် မည်ကဲ့သို့ဆက်စပ်မှုရှိသည်ဟု ထင်ပါသလား။

| |
|---|
| PURPOSE (also known as goal or aim) is a general statement about what the trainer wants the participants to know by the end of the training session.<br>ရည်ရွယ်ချက် (ပန်းတိုင် (သို့) ရည်မှန်းချက် ဟုလည်း ခေါ်ကြ) သည် သင်တန်းနည်းပြမှ သင်တန်းအစီအစဉ် ပြီးဆုံးလျှင် သင်တန်းသူ၊သားများအား သိစေချင်သော ယေဘူယျ ဆန်သည့် ဖော်ပြချက်များ ဖြစ်သည်။<br><br>OUTCOME is a specific statement about what the participant will be able to do at the end of the training. It is written in a way that can be easily measured.<br>ရလဒ်သည် သင်တန်းအဆုံးတွင် သင်တန်းသူ၊သားများမှ လုပ်နိုင်သွားသည့် တိကျသည့် ဖော်ပြချက်တစ်ခုဖြစ်သည်။ ထိုဖော်ပြချက်အား လွယ်ကူစွာ တိုင်းတာနိုင်သည့် နည်းလမ်းဖြင့် ရေးသားထားခြင်း ဖြစ်သည်။<br><br>Purpose and outcomes provide a roadmap for trainers. They help trainers develop training content, stay focused during the training, and allow for assessment at the end of training.<br>ရည်ရွယ်ချက်နှင့် ရလဒ်များက သင်တန်းနည်းပြများအတွက် လမ်းပြမြေပုံအဖြစ် ပံ့ပိုးကူညီပေးသည်။ ၎င်းတို့သည် သင်တန်းနည်းပြများအား သင်ကြားမည့် အကြောင်းအရာများ ရရှိစေရန်၊ သင်ကြားနေစဉ်အတွင်း လမ်းကြောင်း သွေဖယ်မသွားစေရန် နှင့် သင်ပြီးနောက်ပိုင်း အကဲဖြတ်ဆန်းစစ်ခြင်းများ ပြုလုပ်နိုင်စေရန် ကူညီပေးပါသည်။ |

| ACTIVITY 1: MATCHING PURPOSE AND OUTCOMES | (10 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - ရည်ရွယ်ချက် နှင့် ရလဒ်များအား တွဲခြင်း** | **(၁၀ မိနစ်)** |
| **Purpose of Activity:** To identify purpose and outcomes and differentiate between the two.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** ရည်ရွယ်ချက် နှင့် ရလဒ်များ နှင့် ၎င်းတို့၏ ခြားနားချက်အား ဖော်ထုတ်ရန်။<br><br>**Methodology:** Categorizing<br>**သင်ကြားရေးနည်းစနစ် -** အမျိုးအစား ခွဲခြင်း<br><br>**Handout:** Handout 6.2.1 Purpose and Outcome Statements<br>**ဝေငှစာရွက် -** ဝေငှစာရွက် ၆.၂.၁ ရည်ရွယ်ချက် နှင့် ရလဒ် ဖော်ပြချက်များ<br><br>**Materials:** One A4 paper with PURPOSE and one A4 paper with OUTCOME, tape<br>**သင်ထောက်ကူ ပစ္စည်းများ -** ရည်ရွယ်ချက် ရေးသားထားသော A4 စာရွက်တစ်ရွက်နှင့် ရလဒ်ရေးသားထားသော A4 စာရွက်တစ်ရွက်၊ တိတ်။ | |

**Instructions**

**ညွှန်ကြားချက်များ**

- Tape the A4 paper with "Purpose" on one side of the room. Tape the A4 with "Outcome" on the other side of the room.
- သင်တန်းခန်းမ၏ နံရံတဖက်တွင် "ရည်ရွယ်ချက်" ဟု ရေးသားထားသော A4 စာရွက် တစ်ရွက်ကိုကပ်ပြီး တခြားနံရံတဖက်တွင် "ရလဒ်" ဟု ရေးသားထားသော A4 စာရွက် တစ်ရွက်အား ကပ်ထားပါ။
- Now ask for 7 volunteers to come forward. Give each volunteer one of the statements printed on A4 paper. Ask them to hold up their paper so it can be read by the whole class.

- ဇော်လံတီယာ (၇) ဦး ရှေ့ထွက်လာရန် ပြောပါ။ ဇော်လံတီယာ တယောက်စီအား ဖော်ပြချက် တခု ပါဝင်သော A4 စာရွက်ကိုပေးပါ။ ထို့နောက် မိမိရရှိသောစာရွက်ကို အခြားသူများမြင်အောင်ကိုင်စေပြီး တစ်တန်းလုံးအား ဖတ်စေပါ။
- Now tell participants to place the statements either under PURPOSE or OUTCOME. (5 minutes)
- သင်တန်းသူ၊သားများအား ထိုဖော်ပြချက်များသည် "ရည်ရွယ်ချက်" (သို့) "ရလဒ်" ခေါင်းစဉ် အောက်တွင် ထားစေပါ။

**Notes to facilitators**
**သင်တန်းနည်းပြအတွက် မှတ်စု**
These statements are purpose:
ဤဖော်ပြချက်များသည် ရည်ရွယ်ချက်များ ဖြစ်သည်။
- To familiarize participants with the Rule of Law Principles.
- သင်တန်းသူ၊သားများအား တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ရင်းနှီးမှု ရှိစေရန်။
- To introduce participants to the content and methodology of the training.
- သင်တန်းသူ၊သားများအား သင်ကြားမည့် အကြောင်းအရာ နှင့် သင်ကြားရေးနည်းစနစ်အား မိတ်ဆက်ရန်။
- To learn ethical considerations.
- ကျင့်ဝတ်ဆိုင်ရာ ဆင်ခြင်သုံးသပ်ခြင်းများအား လေ့လာရန်။

These statements are outcomes:
ဤဖော်ပြချက်များသည် ရလဒ်များ ဖြစ်သည်။
- Apply a set of ethical code to a scenario.
- ဖြစ်ရပ်မှန်ဇာတ်ကွက်တခု၌ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို အသုံးချသည်။
- Describe the method of enforcing ethical codes.
- အသုံးချနိုင်သော ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို စည်းနှောင်အားရှိစေရန် အသုံးပြုသော နည်းပညာအား ဖော်ပြသည်။
- Define justice.
- တရားမျှတခြင်း ဆိုသည်ကို အဓိပ္ပာယ် ဖွင့်သည်။
- Identify principles of rule of law in the Myanmar Constitution.
- မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော တရားဥပဒေစိုးမိုးရေး မူဝါဒများကို ဖော်ထုတ်သည်။

**Closing Activity**
**အပိတ်လှုပ်ရှားမှု**
Ask participants:
သင်တန်းသူ၊သားများအား မေးပါ။
- Are you all in agreement with the placements? If no, discuss.
- နံရံတွင် ကပ်ထားသည့် ဖော်ပြချက်များအားလုံးကို သဘောတူပါသလား။ မတူလျှင် ဘာကြောင့်လဲ ဆွေးနွေးစေပါ။
- How did you know where to place the statements?
- ဖော်ပြချက်များကို ဘယ်နေရာ၌ ထားရမည်ကို သင်မည်သို့ သိရှိပါသနည်း။
- Do you think the purpose and outcomes are "well-written" for this activity or could they be improved?
- ဤလှုပ်ရှားမှုအတွက် ရည်ရွယ်ချက် နှင့် ရလဒ်များကို သေသေချာချာ ရေးသားထား သည်ဟု သင်ထင်ပါလား၊ (သို့) ထို့ထက် ပိုကောင်းအောင် ရေးနိုင်ပါသေးသလား။

| ACTIVITY 2: WRITING OUTCOMES | (25 mins) |
|---|---|
| **လှုပ်ရှားမှု ၂ - ရလဒ်များ ရေးသားခြင်း** | **(၂၅ မိနစ်)** |

**Purpose of Activity:** To practice writing training outcomes.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** သင်တန်းအတွက် ရလဒ်များ ရေးသားလေ့ကျင့်ရန်။

**Methodology:** Writing Discussion
**သင်ကြားရေးနည်းစနစ် -** ရေးသားခြင်း၊ ဆွေးနွေးခြင်း။

**Handout:** None.
**ဝေငှစာရွက် -** မရှိ

**Materials:** Paper/pen/pencil
**သင်ထောက်ကူ ပစ္စည်း**များ - စာရွက်၊ ဘောပင်၊ ခဲတံ

**Instructions**
**ညွှန်ကြားချက်များ**

- Tell participants that they are now going to practice writing outcomes.
- သင်တန်းသူ/သားများအား ၎င်းတို့သည် ရလဒ်များ ရေးသားနည်းကို လေ့ကျင့်ကြမည် ဟု ပြောပါ။
- Remind participants that outcomes are specific and measurable. Outcomes describe what a participant will be able to do at the end of a training.
- ရလဒ်များသည် တိကျမှု ရှိပြီး တိုင်းတာ၍ ရကြောင်းကိုလည်း သင်တန်းသူ/သား များအား သတိပေးပါ။ ရလဒ်များသည် သင်တန်းသူ/သားများ သင်တန်းအဆုံး၌ ဘာတွေ လုပ်နိုင်သွားလိမ့်မည်ကို ဖော်ပြသည်။
- Tell participants that they are going to write outcomes for the Purpose of an imaginary training.
- သင်တန်းသူ/သားများအား စိတ်ကူးထားသည့် သင်တန်းတစ်ခု၏ ရည်ရွယ်ချက်အတွက် ရလဒ်များ ရေးသားကြမည် ဖြစ်ကြောင်း ပြောပါ။
- Tape the Purpose of the imaginary training on the board.
- စိတ်ကူးထားသည့် သင်တန်းတစ်ခု၏ ရည်ရွယ်ချက်ကို သင်ပုန်းပေါ်တွင် ကပ်ပါ။

| PURPOSE OF IMAGINARY TRAINING:<br>**စိတ်ကူးထားသည့် သင်တန်း၏ ရည်ရွယ်ချက်:**<br><br>**To raise participant awareness of sexual and gender-based violence.**<br>**လိင် နှင့် ကျား/မ အခြေခံ အကြမ်းဖက်မှုအား သင်တန်းသူ/သားများအား သတိထားမှု မြှင့်တက်လာစေရန်။** |
|---|

- Give each participant a piece of paper and tell them to write this phrase at the top: "At the end of this session, participants will be able to:
- သင်တန်းသူ/သားတယောက်စီအား စာရွက်အပိုင်းအစ တစ်ခုစီ ပေးပြီး စာရွက်ထိပ်တွင် "ဤအစီအစဉ်၏ အဆုံးတွင် သင်တန်းသူ/သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။" ဟူသော စကားစုကိုရေးစေပါ။
- Ask participants to draft outcomes for this Purpose. (10 mins)
- သင်တန်းသူ/သားများအား ဤရည်ရွယ်ချက်အတွက် ရလဒ်များကို အကြမ်းရေးစေပါ။ (၁၀ မိနစ်)
- After ten minutes, tell participants to find a partner and exchange their draft outcomes.
- အချိန် (၁၀) မိနစ် ကြာပြီးနောက် သင်တန်းသူ/သားများအား ၎င်းတို့ရေးသားထားသော ရလဒ်များကိုဖလှယ်ရန် ပါတနာတစ်ဦး ရှာရန် ပြောပါ။

- Each pair should give each other feedback on their outcomes. Are they specific? Can they be measured? (10 mins)
- (၂)ယောက်တစ်တွဲစီဖလှယ်ပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်မှတ်ချက်များ ပေးကြရမည်။ ၎င်းရလဒ်များသည် တိကျမှုရှိသလား။ တိုင်းတာ၍ ရနိုင်သလား။ (၁၀ မိနစ်)

**Closing Activity (5 mins)**
**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**
Ask participants:
သင်တန်းသူ၊သားများအား မေးပါ။

- Did they find this activity difficult or easy?
- ဤလှုပ်ရှားမှုသည် ခက်ပါသလား၊ လွယ်ပါသလား။
- Was it helpful to have feedback?
- တုံ့ပြန်ချက် မှတ်ချက်များ ရရှိခြင်းသည် အထောက်အကူ ဖြစ်ပါသလား။
- Are they able to see the value of writing outcomes for developing a training?
- သင်တန်းတစ်ခု ဖော်ဆောင်ရာတွင် ရလဒ်များ ရေးသားခြင်း တန်ဖိုးကို ၎င်းတို့ မြင်နိုင်ပါသလား။

| ACTIVITY 3: DISSECTING A LESSON PLAN | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၃ - သင်ခန်းစာအစီအစဉ် တစ်ခုအား ခွဲခြမ်း လေ့လာခြင်း** | **(မိနစ် ၂၀)** |

**Purpose of this session:** To examine the ingredients of a lesson plan.
**အစီအစဉ်၏ ရည်ရွယ်ချက် -** သင်ခန်းစာအစီအစဉ် တစ်ခုတွင် ပါဝင်သော အရာများအား ဆန်းစစ်ခြင်း

**Methodology:** Analysis
**သင်ကြားရေးနည်းစနစ် - ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း**

**Materials:** Handout 6.2.2 Lesson Plan Sample
**သင်ထောက်ကူ ပစ္စည်းများ -** ဝေငှစာရွက် ၆.၂.၂ သင်ခန်းစာအစီအစဉ် နမူနာ

**Instructions**
**ညွှန်ကြားချက်များ**

- Distribute Handout 6.2.2 to participants.
- ဝေငှစာရွက် ၆.၂.၂ ကို သင်တန်းသူ၊သားများအား ဝေပေးပါ။
- Ask participants to review and discuss the lesson plan in pairs. (10 mins)
- သင်တန်းသူ၊သားများအား နှစ်ယောက်တစ်တွဲ တွဲ၍ သင်ခန်းစာအစီအစဉ်အား ဆွေးနွေး၍ ပြန်လည်လေ့လာစေပါ။ (၁၀ မိနစ်)
- Ask a few of the pairs to share what they discussed. (5 mins)
- ၎င်းတို့ ဆွေးနွေးခဲ့သည်များကို အခြားအတွဲများသို့ ပြန်လည် မျှဝေစေပါ။ (၅ မိနစ်)

**Closing Activity (5 minutes)**
**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**
Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်းများမေးပါ။

- What part of the lesson plan do you think is most important?
- သင်ခန်းစာအစီအစဉ်၏ မည်သည့် အပိုင်းသည် အရေးအကြီးဆုံး ဖြစ်သည်ဟု ထင်ပါသနည်း။
- How can a lesson plan be useful for a trainer?
- သင်တန်းနည်းပြအတွက် သင်ခန်းစာ အစီအစဉ်သည် မည်ကဲ့သို့ အသုံးဝင်ပါသနည်း။

| Notes to facilitators |
|---|
| **သင်တန်းနည်းပြများအတွက် မှတ်စုများ** |
| A lesson plan is a roadmap for the trainer. It guides the trainer throughout the training to ensure that the purpose and outcomes are met. |
| သင်ခန်းစာ အစီအစဉ်တစ်ခုသည် သင်တန်းနည်းပြအတွက် လမ်းပြမြေပုံ တစ်ခုဖြစ်သည်။ ၎င်းသည် သင်တန်းနည်းပြအား သင်တန်းကာလတလျှောက် မိမိသင်ကြားနေသည်များသည် သင်တန်းရည်ရွယ်ချက်နှင့် ရလဒ်များနှင့် ကိုက်ညီမှုရှိ၊ မရှိ သေချာစေခြင်းအားဖြင့် သင်တန်းနည်းပြအား ကူညီပေးသည်။ |

| SUMMARY AND CONCLUSION | (10 mins) |
|---|---|
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **( ၁၀ မိနစ်)** |

Remind participants that throughout this training series, they have been asked to link rule of law and documentation to methods of community engagement. In the last two sessions, we have focused on training as a community engagement method.

သင်တန်းသူ၊သားများအား ဤသင်တန်းအစီအစဉ် တလျှောက်လုံး၌ ၎င်းတို့သည် တရားဥပဒေ စိုးမိုးရေး မူဝါဒများ၊ မှတ်တမ်းတင်ခြင်းနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်ခြင်း နည်းပညာများအား ချိတ်ဆက်ပေးရမည်ဟု ပြောပါ။ နောက်ဆုံး အစီအစဉ်နှစ်ခု၌ ကျွန်ုပ်တို့သည်သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု သင်နည်းပညာတစ်ခုအဖြစ် သင်တန်းအား အလေးပေးသွားမည် ဖြစ်သည်။

Ask participants the following in conclusion:

နိဂုံးချုပ်အနေဖြင့် အောက်ပါတို့ကို သင်တန်းသူ၊သားများအား မေးပါ။

- For what purpose(s) would we want to document training? What information do we want to collect? How can this information be used to support future training?
- ကျွန်ုပ်တို့သည် သင်တန်းအား မှတ်တမ်းတင်ခြင်းသည်မည်သည့် ရည်ရွယ်ချက် (များ) ကြောင့် ဖြစ်သနည်း။ မည်သည့်သတင်းအချက်အလက်များအား ကျွန်ုပ်တို့ရရှိရန်လိုပါသနည်း။ ထိုသတင်းအချက်အလက်များသည် နောင်လာမည့် သင်တန်းအား မည်သို့ အထောက်အပံ့ပေးနိုင်ပါသနည်း။
- How is documentation of training related to the rule of law principles?
- သင်တန်းကို မှတ်တမ်းတင်ခြင်းသည် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် မည်သို့ စပ်ဆိုင်ပါသနည်း။
- What questions do you have about training as method of community engagement?
- လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်ခြင်း နည်းပညာအနေဖြင့် သင်တန်း အကြောင်း မေးစရာ မေးခွန်းများ သင့်မှာ ရှိပါသလား။

| Notes to facilitators |
|---|
| **သင်တန်းနည်းပြများအတွက်မှတ်စုများ** |
| A variety of tools can be used to document training and the impact of training including pre/post tests, pre/post course satisfaction surveys, collecting demographic data on training participant profiles, trainer feedback forms, and focus group discussions. |
| သင်တန်း နှင့်သင်တန်း၏ အကျိုးသက်ရောက်မှုဟု ခေါ်ဆိုနိုင်သော ကြိုတင်/ပြီးဆုံးလျှင် စစ်ဆေးခြင်းများ၊ ကြိုတင်/ပြီးဆုံးလျှင် ဖြည့်ရသော သင်ရိုးကျေနပ်မှုဆိုင်ရာ စစ်တမ်းများ၊ သင်တန်းသူ၊သားများ၏ ပရိုဖိုင်းများမှ ကောက်ယူ သောဒေ တာများ၊ သင်တန်းနည်းပြ အပေါ် တုန့်ပြန်မှု ပေးသော ဖောင်ပုံစံ၊ နှင့် အုပ်စုဆွေးနွေးခြင်းများ ကို မှတ်တမ်းတင်ရာတွင် နည်းပညာ အမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။ |
| Documentation of training is necessary for the following reasons: |
| သင်တန်းအား မှတ်တမ်းတင်ရာတွင် အောက်ပါ အကြောင်းပြချက်များ လိုအပ်ပါသည်။ |

- measuring participant learning
- သင်တန်းသူ၊သားများ၏ လေ့လာသင်ယူမှုအား တိုင်းတာခြင်း
- measuring the impact on behaviour, attitudes, and values over the long term
- အပြုအမူ၊ စိတ်သဘောထား နှင့် ကာလရှည်ကြာ ရှိနေသော တန်ဖိုးများအပေါ်တွင် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုကို တိုင်းတာခြင်း
- ensuring the quality of training content
- သင်ကြားမည့် အကြောင်းအရာအား အရည်အသွေးမီစေခြင်း
- justifying the use of donor funding
- အလှူရှင်၏ ရန်ပုံငွေ အသုံးပြုပုံကို ရှင်းချက်ထုတ်ခြင်း
- developing best practices related to the use of training as a community engagement model
- လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပုံစံငယ်တစ်ခုအဖြစ် သင်တန်းအား အသုံးပြုပုံနှင့် ဆက်စပ်နေသော အကောင်းဆုံး သင်ကြားနည်း အလေ့အကျင့်များအား ဖော်ဆောင်ခြင်း
- measuring the quantity and diversity of participants
- သင်တန်းသူ၊သားများ၏ အရည်အသွေး နှင့် အမျိုးအစား စုံလင်ခြင်းတို့အား တိုင်းတာခြင်း

Documentation of training is related to the rule of law principles of accountability and transparency.

သင်တန်းကို မှတ်တမ်းတင်ခြင်းသည် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုဟူသည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် စပ်ဆိုင်မှု ရှိပါသည်။

**Handout 6.2.1: Purpose and Outcome Statements**
**ဝေငှစာရွက် (၆.၂.၁) - ရည်ရွယ်ချက် နှင့် ရလဒ် ဖော်ပြချက်များ**

# PURPOSE

# ရည်ရွယ်ချက်

# OUTCOMES

# ရလဒ်များ

# To familiarize participants with the Rule of Law Principles.

# သင်တန်းသူ၊သားများအား တရားဥပဒေ စိုးမိုးရေး မူဝါဒများနှင့် ရင်းနှီးမှု ရှိစေရန်။

# To introduce participants to the content and methodology of the training.

# သင်တန်းသူ၊သားများအား သင်တန်း၌ သင်ကြားမည့် အကြောင်းအရာ နှင့် သင်ကြားနည်း နည်းပညာများအား မိတ်ဆက်ရန်။

# To learn ethical considerations.

# ကျင့်ဝတ်ဆိုင်ရာ ဆင်ခြင်သုံးသပ်ခြင်းများ အား လေ့လာရန်။

# Apply a set of ethics rules to a fact scenario.

# ဖြစ်ရပ်မှန် ဇာတ်ကွက်တခု၌ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို အသုံးချပါ။

# Describe the method of enforcing ethical codes applicable to.

# အသုံးချနိုင်သော ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို စည်းနှောင်အား ရှိစေရန် အသုံးပြုသော နည်းပညာအား ဖော်ပြပါ။

# Define justice.

# တရားမျှတခြင်း ဆိုသည်ကို အဓိပ္ပာယ် ဖွင့်ပါ။

# Identify principles of rule of law in the Myanmar Constitution.

# မြန်မာ့ဖွဲ့စည်းပုံတွင် ပါရှိသော တရားဥပဒေ စိုးမိုးရေး မူဝါဒများကို ဖော်ထုတ်ပါ။

# Handout 6.2.2: Sample Lesson Plan
# ဝေငှစာရွက် (၆.၂.၂) - နမူနာ သင်ခန်းစာ အစီအစဉ်

## INEQUALITY AND DISCRIMINATION
## တန်းတူညီမျှမှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံမှု

**Purpose of Session:** To understand the link between gender stereotypes, inequality, and discrimination.
**အစီအစဉ်၏ ရည်ရွယ်ချက်** - ကျားမ ဆိုင်ရာ တရားသေမှတ်ယူခြင်း၊ တန်းတူညီမျှမှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံမှုကြား တွင်ရှိသော ချိတ်ဆက်မှုကို နားလည်သဘောပေါက်ရန်။

### Outcomes, Skills and Methodologies
### ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားနည်း နည်းပညာများ

| **Outcomes:** | **ရလဒ်များ။** |
|---|---|
| As a result of this session, participants will be able to:<br>• Explain how gender stereotypes affect laws and policies.<br>• Explain how equality may be experienced differently for men and women.<br>• Define equality as it is described in CEDAW. | ဤအစီအစဉ်၏ရလဒ်အဖြစ် သင်တန်းသူ၊ သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်မည်။<br>• ကျားမဆိုင်ရာ တရားသေမှတ်ယူခြင်းသည် ဥပဒေများနှင့် မူဝါဒများကို မည်ကဲ့သို့ သက်ရောက်မှုရှိသည်ကို ရှင်းပြနိုင်မည်။<br>• တန်းတူညီမျှမှုရှိခြင်းသည် အမျိုးသားများနှင့် အမျိုးသမီးများ တွေ့ကြုံရခြင်း မတူညီမှုများကို ရှင်းပြလာနိုင်မည်။<br>• CEDAW တွင် ဖော်ပြထားသော တန်းတူ ညီမျှမှု၏ အဓိပ္ပါယ်ကို သတ်မှတ်လာနိုင်မည်။ |

| **Skills:** | **ကျွမ်းကျင်မှုများ** |
|---|---|
| In this session participants will practice the following skills:<br>• Brainstorming<br>• Making persuasive statements<br>• Analysis<br>• Critical Thinking | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါ ကျွမ်းကျင်မှုများကို လေ့ကျင့်မည်။<br>• ကြိုတင်ကြံဆတွေးတောခြင်း<br>• ဆွဲဆောင်မှုရှိသော ထွက်ဆိုချက်များ ပြုလုပ်ခြင်း<br>• ခွဲခြမ်းစိတ်ဖြာခြင်း<br>• အချက်ကျကျ တွေးတောခြင်း |

| **Methodologies:** | **သင်ကြားရေးနည်းစနစ်များ** |
|---|---|
| In this session participants will practice the following training methodologies:<br>• Take a Stand<br>• Brainstorming<br>• Group Work<br>• Comparative Analysis | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက် ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြရမည်။<br>• မိမိရပ်တည်ချက်ကို တင်ပြခြင်း<br>• ကြိုတင်ကြံဆတွေးတောခြင်း<br>• အဖွဲ့လိုက်လုပ်ဆောင်ခြင်း<br>• ခွဲခြမ်းစိတ်ဖြာမှုများကို နှိုင်းယှဉ်လေ့လာမှုပြုခြင်း |

### Rule of Law Principles
### တရားဥပဒေစိုးမိုးရေး မူများ

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Non-discrimination | အောက်ဖော်ပြပါ တရားဥပဒေစိုးမိုးရေး မူများသည် ဤအစီအစဉ်နှင့် စပ်ဆိုင်မှု ရှိသည်။<br>• ခွဲခြားဆက်ဆံမှု မရှိခြင်း |

| | |
|---|---|
| • Human Rights<br>• Equality | • လူ့အခွင့်အရေး<br>• တန်းတူညီမျှရှိခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Materials:** | **သင်ထောက်ကူပစ္စည်းများ၊** |
|---|---|
| For this session you will need:<br>• Pre-written position statement for Activity 1<br>• Agree/Disagree Signs | ဤအစီအစဉ်အတွက် သင်သည် အောက်ဖော်ပြပါများကို လိုအပ်ပါလိမ့်မည်။<br>• လှုပ်ရှားမှု ၁ အတွက် ကြိုတင် ရေးသားထားသော ရပ်တည်မှု ထွက်ဆို ချက်များ<br>• သဘောတူမှု၊ သဘောမတူမှု ဆိုသည့် သင်္ကေတများ |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session participants will use:<br>• 1.3.1 Woman Photos<br>• 1.3.2 Man Photos<br>• 1.3.3 Myanmar Laws<br>• 1.3.4 Equality<br>• 1.3.5 Excerpt from the Convention on the Elimination of All Forms of Discrimination Against Women (CEDAW) | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ ဝေငှစာရွက်များကို အသုံးပြုပါလိမ့်မည်။<br>• ၁.၃.၁ အမျိုးသမီး ဓာတ်ပုံများ<br>• ၁.၃.၂ အမျိုးသား ဓာတ်ပုံများ<br>• ၁.၃.၃ မြန်မာနိုင်ငံ ဥပဒေများ<br>• ၁.၃.၄ တန်းတူညီမျှ ရှိမှု<br>• ၁.၃.၅ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလ သမဂ္ဂစာချုပ်မှ ကောက်နုတ်ချက် |

| **OPEN SESSION** | **(5mins)** |
|---|---|
| **အဖွင့်အစီအစဉ်** | **(၅ မိနစ်)** |

Introduce session – background and purpose. Review lesson outcomes with the participants. Write outcomes on flipchart paper or whiteboard and explain them. Discuss other announcements and concerns.
အစီအစဉ်အားမိတ်ဆက်ပါ - နောက်ခံအကြောင်းအရာနှင့် ရည်ရွယ်ချက်။ သင်တန်းသူ၊ သားများနှင့် ရလဒ်များအား ပြန်လည်သုံးသပ်ပါ။ မျှော်မှန်းရလဒ်များအား စာရွက်ဖြူကြီးပေါ်တွင် ချရေး၍ ရှင်းပြပါ။ ကြေငြာချက်များနှင့် အခြားအကြောင်းကိစ္စများရှိပါက ဆွေးနွေးပါ။

| **REVIEW** | **(5 mins)** |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Check participant understanding of the concepts of "sex", "gender", "gender stereotyping" and "gender socialization" by asking participants to define these concepts. Refer to Notes to Facilitator in Session 1.2 to refresh participant memory. **It is very important that participants understand these concepts before beginning this session.**

သင်တန်းသူ၊သားများကို လိင်၊ ကျားမရေးရာ၊ နှင့် ကျားမရေးရာတရားသေမှတ်ယူခြင်း သဘောယူဆချက်များ၏ သဘောပေါက်နားလည်မှုကို စစ်ဆေးရန် ထိုသဘောယူဆချက်များကို အဓိပ္ပါယ် သတ်မှတ်ခိုင်းပါ။ သင်တန်းသူ၊သား များ ပြန်လည် အမှတ်ရစေရန်အတွက် သင်တန်းနည်းပြ၏ မှတ်စုများ ဖြစ်သည့် အစီအစဉ် ၁၈.၁ ကို ပြန်လည် ညွှန်းဆို ပါ။ **ဤအစီအစဉ်မစတင်ခင် သင်တန်းသူ၊သားများ အနေဖြင့် ထိုသဘောယူဆချက်များကို နားလည်ရန် အရေးကြီးပါ သည်။**

| ACTIVITY 1: IMPACT OF GENDER STEREOTYPES | (30 mins) |
|---|---|
| လုပ်ရှားမှု ၁ - ကျားမရေးရာ တရားသေမှတ်ယူခြင်း၏ အကျိုးသက်ရောက်မှု | (၃၀ မိနစ်) |
| **Purpose of Activity:** To examine how gender stereotypes impact laws and policies in Myanmar.<br>**အစီအစဉ်၏ ရည်ရွယ်ချက်** - ကျားမရေးရာ တရားသေမှတ်ယူခြင်းသည် မြန်မာနိုင်ငံတွင် ဥပဒေနှင့် မူဝါဒများအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိသည်ကို ဆန်းစစ်ရန်။<br><br>**Methodology:** Take a stand<br>**သင်ကြားရေးနည်းစနစ်** - မိမိရပ်တည်ချက်ကို တင်ပြခြင်း<br><br>**Materials:** Agree/Disagree Signs/ Pre-written Statement<br>**သင်ထောက်ကူပစ္စည်းများ** - သဘောတူညီမှု၊ သဘောမတူညီမှု သင်္ကေတများ၊<br><br>**Handouts:** Handout 1.3.1 Traditional v. Modern Woman<br>Handout 1.3.2 Traditional v. Modern Man<br>Handout 1.3.3 Myanmar Laws<br><br>**ဝေငှစာရွက်များ** - ဝေငှစာရွက် ၁.၃.၁ ရှေးရိုးဆန်သော နှင့် ခေတ်ဆန်သော အမျိုးသမီး<br>ဝေငှစာရွက် ၁.၃.၂ ရှေးရိုးဆန်သော နှင့် ခေတ်ဆန်သော အမျိုးသား<br>ဝေငှစာရွက် ၁.၃.၃ မြန်မာနိုင်ငံ ဥပဒေများ | |

**Instructions:**

- Tell participants that they are going to build on the ideas from the previous session on gender and gender stereotypes.
- Show participants Handout 1.3.1 Traditional v. Modern Woman. (Or you can make copies and give to each participant.)
- Engage participants in a discussion by asking the following questions (5 minutes):
  - How would you describe the character of each woman?
  - What stereotypes or phrases would you use to describe each?
  - Which woman would make a better wife?
  - Which woman appears to be more sexually experienced?
- Show participants Handout 1.3.2 and ask the same questions (5 mins):
  - How would you describe the character of each man?
  - In Myanmar, what stereotypes or phrases would be used to describe each?
  - Which woman would make a better life?
  - Which woman appears to be more sexually experienced?
- Now tell participants that they are going to be asked to "Take a Stand".
- Post the "agree/disagree" signs on either side of the room. Then put up the "take a stand" statement:

**ညွှန်ကြားချက်များ**

- ပြီးခဲ့သည့် အစီအစဉ်တွင် လေ့လာခဲ့သော ကျားမရေးရာ နှင့် ကျားမရေးရာ တရားသေမှတ်ယူခြင်း အကြောင်း အရာပေါ်တွင် ဆက်လက် ဆွေးနွေးသွားမည်ဟု သင်တန်းသူ၊ သင်တန်းသားများအား ပြောပါ။
- သင်တန်းသူ၊ သင်တန်းသားများအား ဝေငှစာရွက် ၁.၃.၁ ရှေးရိုးဆန်သော နှင့် ခေတ်ဆန်သော အမျိုးသမီး အား သင်တန်းသူ၊ သင်တန်းသားများအား ပြပါ။ (သို့မဟုတ် ထိုဝေငှစာရွက်အား မိတ္တူကူး၍ သင်တန်းသူ၊ သင်တန်းသား တယောက်ချင်းစီအား ပေးပါ။)
- သင်တန်းသူ၊ သင်တန်းသားများအား အောက်ပါမေးခွန်းများ မေး၍ ချိတ်ဆက်ပေးပါ။ (၅ မိနစ်):
  - အမျိုးသမီးတဦးစီ၏ သွင်ပြင်စရိုက်လက္ခဏာအား သင်မည်သို့ ဖော်ပြမလဲ။

    - တဦးချင်းစီရဲ့ သွင်ပြင်လက္ခဏာကို ဖော်ပြဖို့အတွက် မည်သည့် တရားသေမှတ်ယူခြင်းကို သင် အသုံးပြုမလဲ။
    - ဘယ်အမျိုးသမီးက ပိုမိုကောင်းမွန်တဲ့ ဘဝကို ရရှိမလဲ။
    - ဘယ်အမျိုးသမီးက လိင်ပိုင်းရာ အတွေ့အကြုံ ပိုရှိမယ်လို့ ထင်ရသလဲ။
- သင်တန်းသူ၊ သင်တန်းသားများအား ဝေငှစာရွက် ၁.၃.၂ ကိုပြပြီး အထက်ပါ မေးခွန်းများကိုပဲ ပြန်မေးပါ။ (၅ မိနစ်):
    - အမျိုးသမီးတဦးစီ၏ သွင်ပြင်စရိုက်လက္ခဏာအား သင်မည်သို့ ဖော်ပြမလဲ။
    - တဦးချင်းစီရဲ့ သွင်ပြင်လက္ခဏာကို ဖော်ပြဖို့အတွက် မည်သည့် တရားသေမှတ်ယူခြင်းကို သင် အသုံးပြုမလဲ။
    - ဘယ် အမျိုးသမီးက ပိုမိုကောင်းမွန်တဲ့ ဘဝကို ရရှိမလဲ။
    - ဘယ်အမျိုးသမီးက လိင်ပိုင်းရာ အတွေ့အကြုံ ပိုရှိမယ်လို့ ထင်ရသလဲ။
- သင်တန်းသူ၊ သင်တန်းသားများအား “မိမိ ရပ်တည်ထင်မြင်ချက်ကို ပေးရန်” ပြောပါ။
- သဘောတူညီမှု၊ သဘောမတူညီမှု သင်္ကေတများကို စာသင်ခန်း၏ တဖက်စီတွင် ကပ်ထားပါ။ ထို့နောက် “မိမိရပ်တည်ထင်မြင်ချက်” စာကြောင်းကို ထောင်ပြပါ။

**In Myanmar culture, men and women with no sexual experience have higher value than men and women with sexual experience.**
**မြန်မာ့ ယဉ်ကျေးမှု၌ လိင်မှုကိစ္စ အတွေ့အကြုံ မရှိသော အမျိုးသားများ နှင့် အမျိုးသမီးများသည် လိင်မှုကိစ္စ အတွေ့အကြုံရှိသော အမျိုးသားများ နှင့် အမျိုးသမီးများထက် ပိုမို၍ တန်ဖိုးမြင့်သည်။**

**Instructions:**

- Ask participants whether or not they agree or disagree with this statement. Have participants stand by the appropriate sign or somewhere in between, based on how they feel about the statement. Maybe they only partially agree or disagree, so they would not stand directly by the sign, but closer to the view they partially have. If they are undecided, they should stand in the middle.
- Ask participants in each of the groups (agree, disagree, partially agree, partially disagree) to discuss with the persons standing near them their position in this statement. (5 mins)
- Now ask at least one representative from each group to state his/her position. After each position, tell participants that if they are convinced by the statement and it changes their mind to change where they are standing. (5 mins)
- Ask participants if anyone else wants to share.
- Ask participants to return to their seats.
- Ask participants if they know of any laws in Myanmar that reflect this idea. (Women with no sexual experience are worth more, but a man’s sexual experience does not affect his value.)
- Tell participants that they are now going to look at two Myanmar Laws-one from the Penal Code and one from the Buddhist Customary Law.
- Give participants Handout 1.3.3 and ask them to read it.
- Ask participants the following questions:
    - Do these laws make judgements about man and woman’s value based on sexual experience? If yes, please explain. (5 mins)
    - Do you think the laws were written to treat men and women differently or do you think they have just been interpreted in a discriminatory way?

**ညွှန်ကြားချက်များ**

သင်တန်းခန်းမ ၏ တဖက်စီတွင် သဘောတူညီမှု၊ သဘောမတူညီမှု သင်္ကေတများကို ကပ်ထားပါ။ ထို့နောက် မိမိ၏ ရပ်တည်ချက်ကို တင်ပြရန်အတွက် ကြေငြာချက်ကို ဖော်ပြပါ။သင်တန်းသူ၊သားများကို ကြေငြာချက်အပေါ် သဘော၊သဘောမတူ မေးပါ။ သင်တန်းသူ၊သားများ ကြေငြာချက်နှင့် ပတ်သက်၍ သူတို့ခံစားရသည့် အပေါ်မူတည်ကာ စပ်ဆိုင်ရာ သင်္ကေတတွင် သို့မဟုတ် နှစ်ဖက်ကြားရှိ တစ်နေရာရာတွင် ရပ်ခိုင်းပါ။ သူတို့အနေဖြင့် တစ်စိတ်တစ်ပိုင်းသာ သဘောတူ (သို့မဟုတ်) သဘောမတူခြင်း ဖြစ်နိုင်ပါသည်။ ထိုသို့ဆိုလျှင် သူတို့သည် သင်္ကေတ တည့်တည့်တွင် တိုက်ရိုက်ရပ်မည် မဟုတ်ပဲ တစ်စိတ်တစ်ပိုင်းရှိသော အမြင်နှင့် ပိုမိုနီးကပ်သည့် နေရာတွင် ရပ်မည်ဖြစ်သည်။

- အဖွဲ့တစ်ဖွဲ့တွင်စီတွင်ရှိသော သင်တန်းသူ၊သားများကို (သဘောတူ၊မတူ၊ တစိတ်တဒေသ သဘောတူ၊မတူ) ဟူသော သူတို့၏ ကြေငြာချက်အပေါ်ထားရှိသည့် သဘောထားများကို မိမိရပ်တည်ချက်နှင့် အနီးအနားတွင် ရပ်နေသော သူတို့နှင့် ဆွေးနွေးခိုင်းပါ။ (၁၀ မိနစ်)
- အဖွဲ့တစ်ဖွဲ့စီမှ အနည်းဆုံး ကိုယ်စားပြုတဦးကို သူတို့၏ ရပ်တည်ချက်ကို ဖော်ပြရန် မေးပါ။ ရပ်တည်ချက် အားလုံးကို မေးပြီးနောက်တွင် သူတို့အနေဖြင့် ကြေငြာချက်နှင့် ပတ်သက်ကာ သူတို့၏ ရပ်တည်ချက်အပေါ် သဘောထား ပြောင်းလဲသွားပါက ယခု ရပ်နေသော နေရာမှ ပြန်လည် ပြောင်းလဲနိုင်ကြောင်း ပြောပါ။ (၁၀ မိနစ်)
- သင်တန်းသူ၊သားများထဲမှ မျှဝေချင်သူများကို မျှဝေခိုင်းပါ။ (၅ မိနစ်)
- သင်တန်းသူ၊သားများကို သူတို့၏ ထိုင်ခုံနေရာသို့ ပြန်လည် သွားခိုင်းပါ။
- သင်တန်းသူ၊သားများအား ဤအကြောင်းအရာနှင့် သက်ဆိုင်သော မြန်မာနိုင်ငံရှိ ဥပဒေများကို သိပါသလားဟု မေးပါ။ (လိင်မှုကိစ္စ အတွေ့အကြုံ မရှိသော အမျိုးသမီးများသည် ပိုမို၍ တန်ဖိုးရှိကြပြီး လိင်မှုကိစ္စ အတွေ့အကြုံ ရှိသော အမျိုးသားများကျတော့ ၎င်းတို့၏ တန်ဖိုးကို မထိခိုက်ပါ။
- သင်တန်းသူ၊သားများအား ၎င်းတို့သည် မြန်မာနိုင်ငံရှိဥပဒေ ၂ ခုအား လေ့လာကြမည် ဖြစ်ကြောင်း ပြောပါ။ တခုက ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးမှ ဥပဒေတခု ဖြစ်ပြီး အခြားတခုမှာ ဗုဒ္ဓဘာသာဝလေ့ထုံးတမ်းဥပဒေမှ ဖြစ်သည်။
- သင်တန်းသူ၊သားများအား ဝေငှစာရွက် ၁.၃.၃ အား ပေးဝေပြီး ဖတ်စေပါ။
- သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းများကို မေးပါ။
    - ဤဥပဒေများသည် လိင်မှုကိစ္စ အတွေ့အကြုံအပေါ် အခြေခံ၍ အမျိုးသား နှင့် အမျိုးသမီးတို့၏ တန်ဖိုးကို စီရင်ချက် ချပေးပါသလား။ အဲ့လို စီရင်ချက် ချပေးတယ်ဆိုလျှင် ၎င်းအကြောင်းကို ရှင်းပြပါ။ (၅ မိနစ်)
    - ထိုဥပဒေများသည် အမျိုးသားများ နှင့် အမျိုးသမီးများအား ကွဲပြားစွာ ဆက်ဆံရန်အတွက် ပြဋ္ဌာန်းထားတယ်လို့ ထင်ပါသလား။ (သို့) ၎င်းဥပဒေများသည် ခွဲခြားဆက်ဆံလိုသည့်အတွက် ပြဋ္ဌာန်းထားတယ်လို့ ထင်ပါသလား။

**Closing Activity (5 mins)**

**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**

Ask participants the following questions:

- What rule of law principles are related to this discussion? (Have participants identify as many as possible-push them to go beyond equality and discrimination. What about arbitrariness of decision-making? Access to justice?)
- Do these sections of the law agree with the Rule of Law Principles?
- Do these laws also reflect cultural ideas of how people in Myanmar view men and women's choices differently?

သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်းများကို မေးပါ။

- ဤဆွေးနွေးချက်သည် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ဆက်စပ်မှုရှိပါသနည်း။ (သင်တန်းသူ၊သားများအား ရနိုင်သမျှစဉ်းစား၍ ဖော်ထုတ်ရန်တွန်းအားပေးပါ။ တန်းတူညီမျှရှိမှုနှင့် ခွဲခြားဆက်ခြင်း ဟူသော မူဝါဒ ၂ ခုထက် ပို၍ ဖော်ထုတ်နိုင်စေရန် တွန်းအားပေးပါ။
- ဤအစီအစဉ်များမှ ဆွေးနွေးထားသော ဥပဒေများသည် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ကိုက်ညီမှု ရှိပါသလား။
- အမျိုးသားများ နှင့် အမျိုးသမီးများ၏ ရွေးချယ်မှုများကို မြန်မာနိုင်ငံရှိ လူများ၏ ယဉ်ကျေးမှု သဘော သဘာဝများက မည်ကဲ့သို့ ကွဲပြားစွာ ရှုမြင်ကြသည်ကို ဤဥပဒေများက ထင်ဟပ်စေပါသလား။

| ACTIVITY 2: WHAT IS EQUALITY? | (20 mins) |
|---|---|
| **လုပ်ရှားမှု ၂ - တန်းတူညီမျှမှု ရှိခြင်းမှာ အဘယ်နည်း။** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To develop greater understanding of gender equality.<br>**လုပ်ရှားမှု၏ ရည်ရွယ်ချက်** - ကျားမရေးရာ တန်းတူညီမျှမှုရှိခြင်း အကြောင်းကို ပိုမိုနားလည်လာစေရန်။<br><br>**Methodology:** Comparative Analysis<br>**သင်ကြားရေးနည်းစနစ် -** ခွဲခြမ်းစိတ်ဖြာမှုများကို နှိုင်းယှဉ်လေ့လာခြင်း<br><br>**Materials:** Handout.<br>**သင်ထောက်ကူပစ္စည်းများ -** ဝေငှစာရွက်<br><br>**Handouts:** 1.3.4 Equality<br>**ဝေငှစာရွက်များ** - ၁.၃.၄ တန်းတူညီမျှမှု | |

**Instructions**

**ညွှန်ကြားချက်များ**

- Divide participants into small groups (no more than 5 participants in each group).
- Tell participants that they are now going to focus on gender equality and distribute to each group a copy of Handout 1.3.4 Equality.
- Ask each group to study the Handout and discuss the following questions:
    - ➢ Do the people on the left side have an equal opportunity to get the fruit?
    - ➢ Do the people on the right side have an equal opportunity to get the fruit?
    - ➢ How are the people on the left being treated?
    - ➢ How are the people on the right being treated?
    - ➢ Who is receiving better treatment?
- Tell participants that they have 10 minutes to discuss their answers to these questions. (10 mins)
- Ask each group to give their answer to these questions. (5 mins)
- သင်တန်းသူ၊သားများကို အဖွဲ့ငယ်လေးများ ခွဲလိုက်ပါ။ (တဖွဲ့တွင် ငါးယောက်ထက် မပိုပါစေနဲ့)
- သင်တန်းသူ၊သားများကို ယခုအချိန်တွင် ကျားမရေးရာ တန်းတူညီမျှမှု ရှိခြင်းအပေါ် ဦးတည်မည်ဖြစ်ကြောင်း ပြောကာ ဝေငှစာရွက် ၁.၃.၄ တန်းတူညီမျှမှု မိတ္တူကို အဖွဲ့တဖွဲ့ချင်းစီကို ဝေပေးပါ။
- အဖွဲ့တဖွဲ့ချင်းစီကို ဝေငှစာရွက်ကို လေ့လာကာ အောက်ပေါ်မေးခွန်းများကို ဆွေးနွေးခိုင်းပါ။
    - ➢ ဘယ်ဘက်ခြမ်းတွင် ရှိသောသူများသည် အသီးကိုရယူရန် တူညီသော အခွင့်အရေး ရှိပါသလား။
    - ➢ ညာဘက်ခြမ်းတွင် ရှိသောသူများသည် အသီးကိုရယူရန် တူညီသော အခွင့်အရေး ရှိပါသလား။
    - ➢ ဘယ်ခြမ်းတွင် ရှိသောသူများသည် မည်ကဲ့သို့ ဆက်ဆံခံရပါသနည်း။
    - ➢ ညာဘက်ခြမ်းတွင် ရှိသောသူများသည် မည်ကဲ့သို့ ဆက်ဆံခံရပါသနည်း။
    - ➢ ပိုမိုကောင်းမွန်သော ဆက်ဆံမှုကို မည်သူမှ ရရှိပါသနည်း။
- သင်တန်းသူ၊သားများကို ထိုမေးခွန်းများဖြေရန် ဆွေးနွေးချိန် (၁၀) မိနစ်ရှိကြောင်း ပြောပါ။ (၁၀ မိနစ်)
- အဖွဲ့တဖွဲ့ချင်းစီကို ထိုမေးခွန်းများကို ဖြေကြားခိုင်းပါ။ (၅ မိနစ်)

**Closing Activity (5 mins)**

Ask participants to think about the first activity where they looked at the impact of gender stereotypes on equal job opportunities and equal access to other resources such as education.

- ➢ If the fruit in this picture represents job opportunities, what is the cause for women not being able to access these opportunities?

- What measures can be taken so that men and women have equal access to job opportunities and education opportunities?
- Are there any laws or policies which are prohibiting women from accessing equal opportunities to education and jobs?

**အဝိတ်လှုပ်ရှားမှု (၅ မိနစ်)**

သင်တန်းသူ/သားများကိုပထမလှုပ်ရှားမှုတွင် ပြုလုပ်ခဲ့သော အလုပ်အကိုင်အခွင့်အရေးနှင့် တန်းတူညီမျှစွာ ရယူနိုင်ခြင်း (ပညာရေးကဲ့သို့သော အရင်းအမြစ်) အပေါ် ထားရှိသည့် ကျားမရေးရာ တရားသေမှတ်ယူခြင်း၏ အကျိုးသက်ရောက်မှုကို ပြန်လည်စဉ်းစားခိုင်းပါ။

- အကယ်၍ ပုံထဲတွင် ဖော်ပြထားသည့် သစ်သီးများသည် အလုပ်အကိုင်အခွင့်အရေးများကို ကိုယ်စားပြုခဲ့လျှင် အမျိုးသမီးများအတွက် ထိုအခွင့်အရေးများကို လက်လှမ်းမမှီနိုင်သည့် အကြောင်းရင်းများမှာ မည်သည်တို့ ဖြစ်သနည်း။
- အမျိုးသားများနှင့် အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပညာသင်ကြားခွင့် တန်းတူရ စေရန် မည်သို့ လုပ်ဆောင်သင့်သနည်း။
- အမျိုးသမီးများ အလုပ်အကိုင်နှင့် ပညာသင်ကြားခွင့်တန်းတူရရှိနိုင်ရန် တားမြစ်ထားသည့် ဥပဒေများနှင့် မူဝါဒများ ရှိပါသလား။

| ACTIVITY 3: DEFINING DISCRIMINATION | (25 mins) |
|---|---|
| လှုပ်ရှားမှု ၃ - ခွဲခြားဆက်ဆံမှုကို အဓိပ္ပါယ်သတ်မှတ်ခြင်း | (၂၅ မိနစ်) |
| **Purpose of Activity:** To understand how CEDAW defines gender discrimination.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - CEDAW တွင် ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းကို မည်ကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို သဘောပေါက်နားလည်ရန်။<br><br>**Methodology:** Brainstorming, comparison<br>**သင်ကြားရေးနည်းစနစ်** - ကြိုတင်ကြံဆတွေးတောခြင်း နှင့် နှိုင်းယှဉ်ခြင်း။<br><br>**Materials:** A4 paper/markers<br>**သင်ထောက်ကူပစ္စည်းများ** - A4 စာရွက်၊ မာကာ။<br><br>**Handouts:** 1.3.5 Excerpt from the Convention on the Elimination of All Forms of Discrimination Against Women (CEDAW)<br>**ဝေငှစာရွက်များ** - ၁.၃.၅ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂစာချုပ်မှ ကောက်နုတ်ချက် (CEDAW) | |

**Instructions**

- Ask participants to remain in the same groups.
- Ask each group to discuss the meaning of "gender discrimination" and write their definition on a piece of paper. (10 minutes)
- Tell participants that they are now going to look at how gender discrimination is defined in the Convention on the Elimination of All Forms of Discrimination against Women, an international human rights treaty signed by Myanmar.
- Distribute Handout 1.3.5.
- Ask participants to compare their definition with the definition in CEDAW. (10 minutes)

**ညွှန်ကြားချက်များ**

- သင်တန်းသူ/သားများကို ယခင်အဖွဲ့အတိုင်းထားပါ။

- သင်တန်းသူ၊သားများကို ကျားမရေးရာ ခွဲခြားဆက်ဆံခြင်း၏ အဓိပ္ပါယ်ကို ဆွေးနွေးခိုင်းပါ။ သင်တန်းသူ၊သားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို စာရွက်တွင် ချရေးခိုင်းပါ။ (၁၀ မိနစ်)
- သင်တန်းသူ၊သားများကို မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်၏ ကျားမရေးရာ ခွဲခြားဆက်ဆံမှု အဓိပ္ပါယ်သတ်မှတ်ချက်ကို ကြည့်ခိုင်းပါ။
- ဝေငှစာရွက် ၁.၃.၅ တန်းတူညီမျှမှု ကို ဝေပေးပါ။
- သင်တန်းသူ၊သားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် CEDAW ၏ အဓိပ္ပါယ်သတ်မှတ်ချက်များကို နှိုင်းယှဉ်လေ့လာခိုင်းပါ။ (၁၀ မိနစ်)

**Closing Activity (5 mins)**

Ask various groups to answer the following questions;

- ➢ What differences did you find between your definition of gender discrimination and the CEDAW definition?
- ➢ How does CEDAW describe or define equality?
- ➢ What do you think is meant by equality of results in CEDAW? (Remind participants to think of the pictures in Activity 2.)
- ➢ What rule of law principles are related to this section of CEDAW?

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

မတူညီသော အဖွဲ့များကို အောက်ပါ မေးခွန်းများကို ဖြေကြားခိုင်းပါ။

- ➢ သင်ဖွင့်ဆိုထားသော ကျားမရေးရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် CEDAW တွင် ဖွင့်ဆိုထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ၏ ခြားနားချက်မှာ အဘယ်နည်း။
- ➢ CEDAW တွင် တန်းတူညီမျှမှုရှိခြင်းကို မည်ကဲ့သို့ ဖော်ပြ (သို့မဟုတ်) အဓိပ္ပါယ် သတ်မှတ်ထားသနည်း။
- ➢ CEDAW တွင် ဖော်ပြထားသည့် "ရလဒ်များတွင် တန်းတူညီမျှမှုရှိခြင်း" ဟူသော စကားရပ်သည် မည်သည်ကို ဆိုလိုသည်ဟု သင်ထင်သနည်း။ (လှုပ်ရှားမှု ၂ တွင် ပါရှိသည့် ရုပ်ပုံများအကြောင်း ပြန်လည် စဉ်းစားခိုင်းပါ။)
- ➢ CEDAW တွင် ပါဝင်သည့် ယခုပုဒ်မသည် မည်သည့် တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများနှင့် စပ်ဆိုင်နေ သနည်း။

| **SUMMARY AND EVALUATION** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Ask participants the following questions:

- ➢ What is gender discrimination?
- ➢ How do gender stereotypes lead to gender discrimination?
- ➢ Does a person's gender affect their access to the rule of law principles? In other words, would men be more likely to experience or take advantage of the rule of law principles than women? If yes, please give an example.

သင်တန်းသူ၊သားများကို အောက်ပါမေးခွန်းများမေးပါ။

- ➢ ကျားမရေးရာ ခွဲခြားဆက်ဆံမှုဟူသည်မှာ အဘယ်နည်း။
- ➢ ကျားမရေးရာ တရားသေမှတ်ယူခြင်းသည် ကျားမရေးရာ ခွဲခြားဆက်ဆံမှုများကို မည်ကဲ့သို့ ဖြစ်စေသနည်း။
- ➢ လူတစ်ဦးတစ်ယောက်၏ ကျားမရေးရာ ဖြစ်တည်မှုသည် ၄င်းတို့၏ တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများ အပေါ် လက်လှမ်းမီမှု ရှိရေးမရှိရေးနှင့် သက်ဆိုင်နေပါသလား။ ဆိုလိုသည်မှာ - အမျိုးသားများသည် အမျိုးသမီးများထက် ပိုပြီး တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများကို ပိုမိုအသုံးပြုနေကြပါသလား။ အသုံးပြုနေကြလျှင် ဥပမာတခုပေးပေးပါ။

# Module 6.3: Community Theater I
# အစီအစဉ် (၆.၃) - လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ် (၁)

**Purpose of Session:** To introduce Community Theater as a tool for community engagement.
**အစီအစဉ်၏ ရည်ရွယ်ချက်**: လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းအတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အား နည်းပညာတစ်ခုအဖြစ် အသုံးပြုပုံကို မိတ်ဆက်ရန်

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားရေးနည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session, participants will be able to:<br>• Describe the concept of community theatre.<br>• List the advantages of community theater.<br>• List the disadvantages of community theater.<br>• Give examples of how to measure the success of community theater. | ဤအစီအစဉ်၏ရလဒ်အဖြစ် သင်တန်းသူ၊သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ သဘောတရားကို ဖော်ပြနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ ကောင်းကျိုးများကို စာရင်းပြုစုနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ မကောင်းကျိုးများ ကို စာရင်းပြုစုနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ အောင်မြင်မှုကို တိုင်းတာရန် ဥပမာများ ပေးနိုင်လိမ့်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session the participants will practice the following skills:<br>• Observation<br>• Reading for comprehension<br>• Communication<br>• Reaching consensus<br>• Generating ideas | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ပါကျွမ်းကျင်မှုများကို လေ့ကျင့်ရမည် ဖြစ်သည်။<br>• စူးစမ်း လေ့လာခြင်း<br>• နားလည်နိုင်စေရန်အတွက် စာဖတ်ခြင်း<br>• ဆက်သွယ် ပြောဆိုခြင်း<br>• သဘောတူညီမှု ရရှိခြင်း<br>• အိုင်ဒီယာ စိတ်ကူးများ ရရှိခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session the participants will practice the following methodologies:<br>• Role Play<br>• Group Discussion<br>• Presentation<br>• Brainstorming | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြရမည်။<br>• သရုပ်ဖော် တင်ပြခြင်း<br>• အုပ်စုဖွဲ့ ဆွေးနွေးခြင်း<br>• တင်ပြခြင်း<br>• ကြိုတင်ကြံဆ တွေးတောခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Handouts:** | **စေ့စာရွက်များ** |
|---|---|
| In this session participants will use the following hand outs:<br>• Handout 2.6.1 Advantages of Community Theater<br>• Handout 2.6.2 Measuring Community Theater | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါတို့ကို အသုံးပြုရမည်။<br>• စေ့စာရွက် ၂.၆.၁ လူမှုအဖွဲ့အစည်းများ ဆိုင်ရာ ပြဇာတ်၏ ကောင်းကျိုးများ<br>• စေ့စာရွက် ၂.၆.၂ လူမှုအဖွဲ့အစည်းများဆိုင်ရာ ပြဇာတ်အား တိုင်းတာခြင်း |

| OPEN SESSION | (5 mins) |
|---|---|
| **အဖွင့်အစီအစဉ်** | **(၅ မိနစ်)** |

Review purpose and outcomes for this session.
ဤအစီအစဉ်အတွက် ရည်ရွယ်ချက် နှင့် ရလဒ်များကို ပြန်လည် လေ့လာပါ။

| REVIEW | (5 mins) |
|---|---|
| **ပြန်လည်လေ့လာခြင်း** | **(၅ မိနစ်)** |

Link the outcomes and activities in this session to what has been done in previous sessions.
ယခင်အစီအစဉ်တွင် ပြုလုပ်ခဲ့သော အရာများနှင့် ယခုအစီအစဉ်တွင် ရရှိလာမည့် ရလဒ်များနှင့် လုပ်ရှားမှုများကို ချိတ်ဆက်ပါ။

| ACTIVITY 1: INTRODUCTION TO COMMUNITY THEATER | (10 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အား မိတ်ဆက်ခြင်း** | **(၁၀ မိနစ် )** |
| **Purpose of Activity:** To introduce participants to the concept of Community Theater.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - သင်တန်းသူ၊သားများအား လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏သဘောတရားအား မိတ်ဆက်ရန်။<br><br>**Methodology:** Role play by trainers.<br>**သင်ကြားရေးနည်းစနစ် -** သင်တန်းနည်းပြများမှ သရုပ်ဖော် တင်ပြခြင်း<br><br>**Handout:** None<br>**စေ့စာရွက် -** မရှိ<br><br>**Materials:** Whiteboard and marker<br>**သင်ထောက်ကူ ပစ္စည်းများ** - သင်ပုန်း နှင့် မာကာ | |

**Instructions**

**ညွှန်ကြားချက်များ**

- Trainers should perform the following role play[1] in a dramatic tone to get the participants attention:
- သင်တန်းသူ၊သားများထံမှ အာရုံစူးစိုက်မှု ရရှိစေရန်အတွက် သင်တန်းနည်းပြများမှ အောက်ပါ သရုပ်ဖော်တင်ပြခြင်းအား ဇာတ်ဟန်ပါပါ လေသံဖြင့် ဖျော်ဖြေပါ။

**Trainer 1:** Ladies and gentlemen, welcome to the show! Today we will present to you a performance of Community Theater.
သင်တန်းနည်းပြ ၁: လူကြီးမင်းများခင်ဗျာ ကျွန်တော်တို့ ပြပွဲမှ ကြိုဆိုပါတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့က လူကြီးမင်းတို့ကို လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်လေး ကပြဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။
**Trainer 2:** Oh, wow! We are so excited for the show!
သင်တန်းနည်းပြ ၂: အိုး .... ဟုတ်တယ် .. ကျွန်တော်တို့ဟာ ဒီပြပွဲအတွက် အရမ်းကို စိတ်လှုပ်ရှားနေကြပါတယ် ခင်ဗျာ။

**Trainer 1:** In the first part, we will play for you.
သင်တန်းနည်းပြ ၁: ပထမပိုင်းမှာတော့ ကျွန်တော်တို့က လူကြီးမင်းတို့အတွက် ကပြဖျော်ဖြေပေးပါမယ်။
**Trainer 2:** Oh wow! We are so excited to see your show!
သင်တန်းနည်းပြ ၂: အိုး... ကျွန်တော်တို့ကတော့ ခင်ဗျားတို့ရဲ့ ပြပွဲကို ကြည့်ရမှာမို့ အရမ်းကို စိတ်လှုပ်ရှားနေပါပြီဗျာ
**Trainer 1:** We will show you scenes that will disgust you!
သင်တန်းနည်းပြ ၁: ကျွန်တော်တို့က လူကြီးမင်းတို့ မနှစ်မြို့တဲ့ ဇာတ်ကွက်တွေကို ကပြမှာ ဖြစ်ပါတယ်။
**Trainer 2** (making a face of disgust): Disgust you!
သင်တန်းနည်းပြ (မနှစ်မြို့စရာ မျက်နှာအမူအရာ ပြုလုပ်ပြ): မနှစ်မြို့စရာကြီး။
**Trainer 1:** We will show you scenes that make you laugh!
သင်တန်းနည်းပြ ၁: ကျွန်တော်တို့ဟာ လူကြီးမင်းတို့ ရယ်မောရတဲ့ ဇာတ်ကွက်များကိုလဲ ပြသပါမယ် ခင်ဗျာ။
**Trainer 2:** Oh! We love to laugh!
သင်တန်းနည်းပြ ၂: အိုး .. ကျွန်တော်တို့က ရယ်ရတာ ကြိုက်ပါတယ် ခင်ဗျာ။
**Trainer 1:** We will show you scenes that torment you!
သင်တန်းနည်းပြ ၁: ကျွန်တော်တို့ဟာ လူကြီးမင်းတို့ စိတ်ဆင်းရဲစရာ ဇာတ်ကွမ်းများကိုလဲ ပြသပါမယ် ခင်ဗျာ။
**Trainer 2** (making a face of torment): Torment you!
သင်တန်းနည်းပြ ၂ (စိတ်ဆင်းရဲတဲ့ မျက်နှာအမူအရာလုပ်ပြ): စိတ်ဆင်းရဲအောင် လုပ်မယ်။
**Trainer 1:** We will show you scenes that will make you want to protest!
သင်တန်းနည်းပြ ၁: ကျွန်တော်တို့ဟာ လူကြီးမင်းတို့ ကန့်ကွက်စရာဖြစ်နိုင်မယ့် ဇာတ်ကွက်များကိုလည်း ပြသမှာဖြစ်ပါတယ်။
**Trainer 2** (making a face of anger): Protest!
သင်တန်းနည်းပြ ၂ (စိတ်ဆိုးတဲ့ မျက်နှာအမူအယာဖြင့်): ကန့်ကွက်တယ်။
**Trainer 1:** And you will want to come on stage and hurt some of our characters. But, Please! Don't do it, it's just a game.
သင်တန်းနည်းပြ ၁: ပြီးတော့ လူကြီးမင်းတို့လဲ စင်ပေါ်ကိုတက်လာချင်ပြီး ကျွန်တော် ပြဇာတ်က ဇာတ်ကောင်တချို့ကို နာကျင်အောင် လုပ်ချင်ပါလိမ့်မယ် ။ ဒါပေမယ့် ကျေးဇူးပြု၍ မလုပ်ပါနဲ့။ ဒီဟာက ဂိမ်းတခုသာ ဖြစ်ပါတယ်။
**Trainer 2** (making a big smile and sighing with relief): Oh! A game.
သင်တန်းနည်းပြ ၂ (ပြုံး၍ သက်သာရာရသလို သက်ပြင်းချလျှက်): ဂိမ်တစ်ခုပါပဲ။
**Trainer 1:** In the second part, it will be your turn to play.

[1] (The Source for this Role Play is Act, Learn, and Teach, Theatre, HIV, and AIDS Toolkit for Youth in Africa, UNESCO-CCIVS Project, Available at: http://unesdoc.unesco.org/images/0014/001492/149283e.pdf)

သင်တန်းနည်းပြ ၁: ဒုတိယပိုင်းမှာတော့ လူကြီးမင်းတို့ ကိုယ်တိုင် သရုပ်ပြ တင်ဆက်ရမှာ ဖြစ်ပါတယ်။
**Trainer 2** (smiling at the participants): Oh goody! Our turn!
သင်တန်းနည်းပြ ၂( သင်တန်းသူ၊သားများအား ပြုံးပြ၍): အိုး ကောင်းလိုက်တာ ... ခင်ဗျာတို့အလှည့်ပေါ့။
**Trainer 1:** You will come on stage to help the characters who have problems to find solutions to their problems!
သင်တန်းနည်းပြ ၁: ခင်ဗျားဟာ စင်ပေါ်မှာ ပြဿနာတက်နေပြီး ထိုပြဿနာအား ပြေလည်စေရန် ကူညီပေးရမည်။
**Trainer 2** (in a very excited tone): Oh yay! We get to come on stage and help the characters solve their problems! We can help them. Yes-I know we can!
သင်တန်းနည်းပြ ၂ (အလွန် စိတ်လှုပ်ရှားနေသောအသံဖြင့်): အိုး... ဟုတ်တာပေါ့ .. ကျွန်တော်တို့က စင်ပေါ်ကို လာရမယ် .. ပြီးတော့ ဇာတ်ကောင်တွေလဲ သူတို့ ပြဿနာကို ကူပြီး ဖြေရှင်းပေးရမယ်!! ကျွန်တော်တို့ သူတို့ကို ကူညီနိုင်ပါတယ်.. ဟုတ်တယ် ကျွန်တော်တို့ ကူညီနိုင်တယ် ဆိုတာ သိတာပေါ့!!!
**Trainer 1:** In the third part, we will discuss! If you have any questions, you are free to ask. Or, if you have an opinion, you can express yourself. Now at this point I shall ask the actors to prepare themselves for a wonderful performance.
သင်တန်းနည်းပြ ၁: တတိယအပိုင်းမှာတော့ ကျွန်တော်တို့ ဆွေးနွေးကြပါမယ်။ လူကြီးမင်းတို့မှာ မေးစရာ မေးခွန်းတွေ ရှိနေမယ်ဆိုရင် လွတ်လပ်စွာ မေးမြန်းနိုင်ပါတယ်။ ဒါမှ မဟုတ် လူကြီးမင်းတို့မှာ ထင်မြင်ချက် အသစ်တွေ ရှိတယ်ဆိုရင်လဲ ပြောပြနိုင်ပါတယ်။ ကဲ အခုတော့ ကျွန်တော် သရုပ်ဆောင်တွေကို သူတို့ရဲ့ အလွန်တရာ ကောင်းမွန်လှတဲ့ တင်ဆက်မှုတွေ လုပ်နိုင်ဖို့အတွက် ပြင်ဆင်ဖို့ ပြောလိုက်ပါဦးမယ်။
**Trainer 1 and 2 together:** THE END!
သင်တန်းနည်းပြ ၁ နှင့် ၂ အတူတကွ ပြောသည်: ပြီးပါပြီ။
Trainers can bow to signal the end.
သင်တန်းနည်းပြများသည် ပြီးဆုံးသည့် အနေဖြင့် ကိုယ်ကိုယ် ကိုင်းညွှတ်လိုက်ကြသည်။

**Closing Activity**
**အပိတ်လှုပ်ရှားမှု**
Ask participants the following:
အောက်ပါတို့ကို မေးပါ။
- What did you learn about community theater from this role play?
- ဤသရုပ်ပြတင်ပြမှုမှ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အကြောင်းမှ မည်သည်တို့ကို လေ့လာခဲ့ပါသနည်း။
- How is community theater different from a typical theatre performance?
- လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်သည် သမရိုးကျ ပြဇာတ် နှင့် ဘာကွာခြားပါသနည်း။
- Have any of you participated in community theater before? If yes, ask participants to describe.
- သင်တို့ရော အရင်က လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်မှာ ပါဝင်ဖူးပါသလား။ ပါဝင်ဖူးလျှင် ပြောပြပေးပါ။

**Notes to facilitators**
**သင်တန်းနည်းပြများအတွက် မှတ်စုများ**
Community Theater is a form of community engagement that uses public performance as a means to raise awareness or educate about an issue.
There are a variety of ways to present and use community theater. In this training session, the focus will be on actively engaging participants to participate in the theater to help the main character solve an issue. This method includes discussion followed by an opportunity for participants to join the actors on stage to help them solve a problem. Other types of community theater use a performance followed by a discussion. Both methods can be effective. Planning and strong facilitator skills are essential for the success of both methods.

| |
|---|
| အများပြည်သူပါဝင်သော ပြဇာတ်ဆိုသည်မှာ အများပြည်သူနှင့် ချိတ်ဆက်မှု ပုံစံတစ်မျိုးပင် ဖြစ်သည်။ ထိုကဲ့သို့သော ချိတ်ဆက်မှုသည် ပြည်သူများပါဝင်သော ဖျော်ဖြေတင်ဆက်မှုကို အသုံးပြုထားပြီး ပြဿနာကိစ္စရပ်တခုအပေါ် အသိပညာ ပေးရန်ရည်ရွယ်သည်။ အများပြည်သူများ ပါဝင်သောပြဇာတ်ကိုအသုံးပြု တင်ဆက်ရန်အတွက် နည်းလမ်းများစွာ ရှိပါသည်။ ဤသင်တန်းအစီအစဉ်၏ အဓိကအချက်မှာ တက်ကြွပြီးအချိတ်အဆက်မိသော သင်တန်းသူ၊သားများအား အဓိကဇာတ်ကောင်၏ ပြဿနာအား ကူညီဖြေရှင်းပေးရန် ပြဇာတ်တွင်ပါဝင် သရုပ်ဆောင်စေမည်။<br>ဤနည်းပညာ၌ စင်ပေါ်တွင်ရှိနေသော သရုပ်ဆောင်များ၏ ပြဿနာကိုကူညီဖြေရှင်းပေး ရန်အတွက် သင်တန်းသူ၊ သားများအား ဆွေးနွေးခွင့်လည်း ပါဝင်ပေးထားပါသည်။ အခြား အများပြည်သူ ပါဝင်သော ပြဇာတ် အမျိုးအစားများသည် ပြဇာတ်ဖျော်ဖြေမှု အပြီး၌ ဆွေးနွေးပွဲတခုပါ ပါဝင်အသုံးပြုထားပါသည်။ နည်းပညာ နှစ်မျိုးစလုံးကတော့ ထိရောက်မှု ရှိပါသည်။ ထိုနည်းပညာ၂မျိုးလုံး အောင်မြင်စေရန်အတွက် စီစဉ်တတ်ပြီး ကူပံ့ပိုးရာတွင် အားကောင်းသော ကျွမ်းကျင်မှု များသည် မရှိမဖြစ် လိုအပ်ပါသည်။ |

| ACTIVITY 2: ADVANTAGES OF COMMUNITY THEATER | (20 mins) |
|---|---|
| **လုပ်ရှားမှု ၂ - အများပြည်သူပါဝင်သော ပြဇာတ်၏ ကောင်းကျိုးများ** | **(၂၀ မိနစ်)** |
| **Purpose of Activity**: To discuss the advantages of community theater.<br>**လုပ်ရှားမှု၏ ရည်ရွယ်ချက်:** အများပြည်သူပါဝင်သော ပြဇာတ် ၏ ကောင်းကျိုးများကို ဆွေးနွေးရန်။<br><br>**Methodology**: Group discussion and presentation<br>**သင်ကြားရေးနည်းစနစ်** - အုပ်စုဖွဲ့ ဆွေးနွေးခြင်း နှင့် တင်ပြခြင်း<br><br>**Handout:** Handout 6.3.1 Advantages of Community Theater<br>**ဝေငှစာရွက်** - ဝေငှစာရွက် ၆.၃.၁ အများပြည်သူပါဝင်သော ပြဇာတ်၏ ကောင်းကျိုးများ<br><br>**Materials:** Whiteboard and marker<br>**သင်ထောက်ကူ ပစ္စည်းများ** - သင်ပုန်း နှင့် မာကာ | |

**Instructions**

**ညွှန်ကြားချက်များ**

- Divide participants into groups. (Groups should have no more than 5 persons.)
- သင်တန်းသူ၊သားများအား အဖွဲ့များ ခွဲပါ။ (တစ်ဖွဲ့လျှင် လူ(၅)ယောက်ထက် မပိုသင့်ပါ။)
- Give each participant Handout 6.3.1 Advantages of Community Theater.
- သင်တန်းသူ၊သားတစ်ယောက်စီအား ဝေငှစာရွက် ၆.၃.၁ အများပြည်သူ ပါဝင်သော ပြဇာတ်၏ ကောင်းကျိုးများကို ပေးပါ။
- Ask each group to discuss these advantages and decide on one advantage that they think is most important. (10 minutes for discussion)
- အဖွဲ့တစ်ဖွဲ့စီအား ထိုကောင်းကျိုးများကို ဆွေးနွေးစေပြီး ၎င်းတို့ အရေးအကြီးဆုံးဟု ထင်သည့် ကောင်းကျိုးတစ်ခု ကို ဆုံးဖြတ်စေပါ။ (ဆွေးနွေးချိန် ၁၀ မိနစ်)

- Each group will then be asked to present the advantage chosen and their reason for selecting it. (10 minutes total for group presentation)
- ထို့နောက် အဖွဲ့တစ်ဖွဲ့စီသည် ၎င်းတို့ရွေးချယ်ထားသော ကောင်းကျိုးတစ်ခု နှင့် ထိုသို့ ရွေးချယ်ရခြင်း၏ အကြောင်းပြချက်ကိုလည်း တင်ပြရမည်။ (အုပ်စုလိုက်ဆွေးနွေးချိန် စုစုပေါင်း ၁၀ မိနစ်)
- Facilitator may want to write the selected advantage on the whiteboard to refer to during the closing activity.
- သင်တန်းနည်းပြသည် အဖွဲ့များရွေးချယ်ထားသော ကောင်းကျိုးများကို သင်ပုန်းပေါ်တွင်ရေးနိုင်ပါသည်။ ထိုသို့အားဖြင့် အပိတ်လှုပ်ရှားမှု အစီအစဉ်တွင် ပြန်လည် ရည်ညွှန်းနိုင်ပါသည်။

**Closing Activity (5 mins)**
**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**
Facilitator should refer to the selected advantages and remark on how they are all different or all the same.
သင်တန်းနည်းပြသည် ရွေးချယ်ထားသော ကောင်းကျိုးများကို ပြန်လည် ရည်ညွှန်းပြောဆိုပြီး ၎င်းတို့အားလုံး မည်မျှကွဲပြားကြသည် (သို့) တူညီကြသည်ကို မှတ်ချက်ပေးပါ။

Ask participants:
သင်တန်းသူ၊သားများအား မေးပါ။
- Was it difficult to choose one advantage?
- ကောင်းကျိုးတစ်ခု ရွေးချယ်ခြင်းသည် ခက်ခဲပါသလား။
- What other advantage did your group think was a priority? (Give each group an opportunity to respond.)
- မည်သည့် အခြားကောင်းကျိုးတစ်ခုအား သင့်အဖွဲ့မှ အရေးကြီးဆုံးဟု ထင်ပါသလဲ။ (အဖွဲ့တစ်ဖွဲ့စီအား ပြောဆိုရန် အခွင့်အရေးပေးပါ။)

| ACTIVITY 3: DISADVANTAGES OF COMMUNITY THEATER | (20 mins) |
|---|---|
| လှုပ်ရှားမှု ၃ - အများပြည်သူပါဝင်သော ပြဇာတ်၏ မကောင်းကျိုး/အားနည်းချက် | (၂၀ မိနစ်) |
| **Purpose of Activity:** To discuss disadvantages of community theater.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - အများပြည်သူ ပါဝင်သော ပြဇာတ်၏ မကောင်းကျိုး/အားနည်းချက်များကို ဆွေးနွေးစေရန်။<br><br>**Methodology:** Group discussion<br>**သင်ကြားရေးနည်းစနစ်** - အုပ်စုလိုက် ဆွေးနွေးခြင်း<br><br>**Handout:** None.<br>**ဝေငှစာရွက်** - မရှိ<br><br>**Materials:** Flipchart paper and markers<br>**သင်ထောက်ကူ ပစ္စည်းများ** - စာရွက်ဖြူကြီး နှင့် မာကာများ | |

**Instructions**
**ညွှန်ကြားချက်များ**
- Ask participants to remain in their groups.
- သင်တန်းသူ၊သားများအား မူလအဖွဲ့အတိုင်း နေကြရန် ပြောပါ။
- Give each group a piece of flipchart paper and marker.

- အဖွဲ့တစ်ဖွဲ့စီကို စာရွက်ဖြူကြီး နှင့် မာကာ ပေးပါ။
- Tell participants that they should now discuss disadvantages of community theater. Encourage participants to think about how community theater may not be a good idea for some topics or communities or audiences.
- သင်တန်းသူ၊သားများအား အများပြည်သူပါဝင်သော ပြဇာတ်၏ မကောင်းကျိုးများကို ဆွေးနွေးကြရန်ပြောပါ။ သင်တန်းသူ၊သားများအား အများပြည်သူ ပါဝင်သော ပြဇာတ် တချို့ခေါင်းစဉ်များ (သို့) လူမှုအဖွဲ့အစည်းများ (သို့) ပရိသတ်များအတွက် မည်သို့ မကောင်းသည်ကို စဉ်းစားစေပါ။
- Ask participants to list as many of these disadvantages on the flipchart paper as possible. (10 minutes for discussion.)
- သင်တန်းသူ၊သားများအား ထို မကောင်းကျိုးများကို ရနိုင်သလောက် စဉ်းစားစေပြီး စာရွက်ဖြူကြီးပေါ်တွင်ရေးစေပါ။ (ဆွေးနွေးချိန် ၁၀ မိနစ်)
- Ask each group to present their list. (10 minutes for discussion)
- အဖွဲ့တစ်ဖွဲ့စီကို ၎င်းတို့၏ စာရင်းအား တင်ပြစေပါ။ (ဆွေးနွေးချိန် ၁၀ မိနစ်)
- Tape each list to the wall to reference during the closing activity.
- ၎င်းတို့ တင်ပြသွားသော စာရွက်ဖြူကြီးများကို နံရံတွင် ကပ်စေပါ။ အပိတ်လှုပ်ရှားမှုတွင် ပြန်လည် ရည်ညွှန်းနိုင်ရန် ဖြစ်သည်။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Direct participant attention to the lists.
သင်တန်းသူ၊သားများအား နံရံတွင် ကပ်ထားသော စာရင်းအား အာရုံစိုက်စေပါ။

- Are there any other disadvantages not listed that we should add or consider?
- ကျွန်ုပ်တို့ ထပ်မံ ထည့်သင့် (သို့) စဉ်းစားသင့်တယ်ထင်ပြီး စာရင်းထဲ မထည့်ရသေးသည့် အခြား မကောင်းကျိုးများ ရှိပါသေးလား။
- If your organization is planning a community theater, how can you make sure to avoid these disadvantages?
- သင့်အဖွဲ့အစည်းမှ အများပြည်သူပါဝင်သော ပြဇာတ်တခု ပြုလုပ်ရန် စီစဉ်လျှင် ဤ မကောင်းကျိုးများအား ရှောင်ကြဉ်နိုင်ရန် သင် မည်သို့ လုပ်မည်နည်း။

| ACTIVITY 4: MEASURING THE SUCCESS OF COMMUNITY THEATER | (25 mins) |
|---|---|
| လှုပ်ရှားမှု ၄ - အများပြည်သူပါဝင်သော ပြဇာတ်၏ အောင်မြင်မှုအား တိုင်းတာခြင်း | (၂၅ မိနစ်) |

**Purpose of this session:** To discuss methods of measuring the success of community theater.
**ဤအစီအစဉ်၏ ရည်ရွယ်ချက်-** အများပြည်သူပါဝင်သော ပြဇာတ်၏ အောင်မြင်မှုအား တိုင်းတာခြင်းဆိုင်ရာ နည်းပညာများအား ဆွေးနွေးရန်

**Methodology:** Jigsaw
**သင်ကြားရေးနည်းစနစ် -** ဂျစ်စော

**Handout:** Hanout 6.3.2 Measuring Community Theater (before this session cut the handout into the group assignment)
**ဝေငှစာရွက် -** ဝေငှစာရွက် ၆.၃.၂ အများပြည်သူပါဝင်သော ပြဇာတ်အားတိုင်းတာခြင်း (ဤအစီအစဉ် မစတင်မီ အုပ်စုတာဝန်များ ခွဲဝေသည့်အတိုင်း ဝေငှစာရွက်ကို ဖြတ်ထားပါ)

**Materials:** None
**သင်ထောက်ကူ ပစ္စည်း** - မရှိပါ။

**Instructions**
**ညွှန်ကြားချက်များ**

- Tell participants that they are going to focus on measuring the success of community theater.
- သင်တန်းသူ၊သားများအား ၎င်းတို့သည် အများပြည်သူပါ ဝင်သော ပြဇာတ်၏ အောင်မြင်မှုကို တိုင်းတာခြင်းအား အလေးပေး လေ့လာကြမည် ဖြစ်ကြောင်း ပြောပါ။
- To focus participant attention, ask these questions:
  - What do you want to measure in your community theatre?
  - Why would it be important to measure your community theatre?
- သင်တန်းသူ၊သားများ၏ အာရုံစူးစိုက်မှု ရရှိစေရန် ဤမေးခွန်းများကို မေးပါ။
  - သင်၏ အများပြည်သူပါဝင်သော ပြဇာတ်၌ မည်သည်ကို တိုင်းတာလိုပါသနည်း။
  - သင်၏ အများပြည်သူပါဝင်သော ပြဇာတ်ကို တိုင်းတာရန် အဘယ့်ကြောင့် အရေးကြီးပါသနည်း။

**Notes to facilitators**
**သင်တန်းနည်းပြများအတွက် မှတ်စုများ**
Community theater is about changing attitudes. Attitude shift can be difficult to measure.
အများပြည်သူပါဝင်သော ပြဇာတ်သည် လူ၏ စိတ်သဘောထားများ ပြောင်းလဲသွားခြင်း အကြောင်း ဖြစ်သည်။ စိတ်သဘောထားများ ပြောင်းလဲခြင်းသည် တိုင်းတာရန် ခက်ခဲပါသည်။

Measuring the success of your community theater is just as important as measuring any of your project activities. It helps your organization improve and is necessary for documenting your project's work for development of best practices and donor reporting.
သင်တို့၏ အများပြည်သူပါဝင်သော ပြဇာတ်၏အောင်မြင်မှုကို တိုင်းတာခြင်းသည် မည်သည့် သင့်ပရောဂျက်ကို မဆို တိုင်းတာခြင်းကဲ့သို့ အရေးကြီးပါသည်။ ထိုသို့တိုင်းတာခြင်းသည် သင့်အဖွဲ့အစည်း တိုးတက်အောင် ကူညီပေးခြင်း ဖြစ်ပြီး သင့်ပရောဂျက် အလုပ်များအား မှတ်တမ်းတင်ခြင်းအတွက် နှင့် ကျင့်သုံးနေသော အလေ့အကျင့်ကောင်းများ တိုးတက်ရေးနှင့် အလှူရှင်အား အစီရင်ခံခြင်းအတွက်လည်း လိုအပ်ပါသည်။

- Give participants JIGSAW instructions. Tell participants that first they will meet in their "expert groups". Each expert group will receive one handout on which they will become the expert. In their groups they will discuss their handout and determine how best to teach it in the teaching groups. During this time, each participant will be given a colored sticker. The colored sticker will group them into the teaching groups.
- သင်တန်းသူ၊သားများအား ဂျစ်စော ညွှန်ကြားချက်များကို ညွှန်ကြားပါ။ သင်တန်းသူ၊သားများအား ၎င်းတို့သည် ပထမဦးစွာ "ကျွမ်းကျင်သူများ" အဖွဲ့တွင် ဆုံတွေ့ကြမည်ဖြစ်သည်ဟု ပြောပါ။ ကျွမ်းကျင်အဖွဲ့ တစ်ဖွဲ့စီသည် ၎င်းတို့အား ကျွမ်းကျင်သူများ ဖြစ်လာစေမည့် ဝေငှစာရွက် တစ်ခုစီရရှိမည်ဖြစ်သည်။ ၎င်းတို့သည် မိမိအဖွဲ့တွင် ဝေငှစာရွက်အား ဆွေးနွေးကြမည် ဖြစ်ပြီး သင်ကြားရေး အဖွဲ့များထဲတွင် သင်ကြားရန် မည်သည်တို့သည် အကောင်းဆုံး ဖြစ်သည်ကို ဆုံးဖြတ်ကြသည်။ ဤအချိန်အတောအတွင်း၌ သင်တန်းသူ၊သား တစ်ယောက်ချင်းစီအား ရောင်စုံ စတစ်ကာများ ပေးပါ။ ထိုရောင်စုံ စတစ်ကာသည် ၎င်းတို့ သင်ကြားရေး အဖွဲ့များစီသို့ သွား၍ အဖွဲ့အသစ်ဖွဲ့နိုင်ရန် ဖြစ်သည်။
- Ask participants to count off by "4s". There will be 4 expert groups. Experts have 10 minutes to discuss their handout. During discussion, facilitators will give each participant a different colored sticker.

- သင်တန်းသူ၊သားများအား ၁၊ ၂၊ ၃၊ ၄ ရေတွက်စေပါ။ ကျွမ်းကျင်အဖွဲ့ (၄)ဖွဲ့ ဖွဲ့မည် ဖြစ်သောကြောင့် ဖြစ်သည်။ ကျွမ်းကျင်သူများသည် ဝေငှစာရွက်အား ဆွေးနွေးရန် အချိန် ၁၀ မိနစ် ရရှိမည်ဖြစ်သည်။ ဆွေးနွေးနေစဉ်အတွင်း သင်တန်းနည်းပြများမှ သင်တန်းသူ၊သား တယောက်ချင်းစီအား ရောင်စုံစတစ်ကာများ ပေးပါသည်။
- Now ask participants to regroup according to their sticker group. This is the teaching group. Each person will teach the others in his/her group about his handout. (10 minutes)
- သင်တန်းသူ၊သားများအား ၎င်းတို့ရရှိထားသော ရောင်စုံစတစ်ကာများ၏ အရောင်အတိုင်း အဖွဲ့သစ်ပြန်လည် ဖွဲ့စေပါ။ ထိုအဖွဲ့အသစ်အား သင်ကြားသည့် အဖွဲ့ ဟု ခေါ်ပါသည်။ သင်တန်းသူ၊သား တယောက်ချင်းစီက မိမိတို့အဖွဲ့တွင်းရှိ အခြားသူများအား မိမိကျွမ်းကျင်အုပ်စုထဲတွင် လေ့လာခဲ့သော ဝေငှစာရွက်ထဲမှ အကြောင်းအရာများအား သင်ပေးပါသည်။ (၁၀ မိနစ်)

**Closing Activity (5 mins)**

**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**

Ask several participants to name a method for measuring community theater.

သင်တန်းသူ၊သားများအား အများပြည်သူပါဝင်သော ပြဇာတ်အား တိုင်းတာရန်အတွက် နည်းပညာတစ်ခုကို ပြောစေပါ။

Ask all participants the following:

အောက်ပါတို့ကို သင်တန်းသူ၊သားတို့အား မေးပါ။

- Are you surprised by the different ways you can measure community theater?
- အများပြည်သူပါဝင်သော ပြဇာတ်ကို တိုင်းတာနိုင်သည့် နည်းအမျိုးမျိုးရှိကြောင်း လေ့လာရသောကြောင့် သင်သည် အံ့သြပါသလား။
- Are there other ways that you can think of to measure community theater impact that we did not discuss here?
- ကျွန်ုပ်တို့ မဆွေးနွေးရသေးသော်လည်း အများပြည်သူပါဝင်သော ပြဇာတ်၏အကျိုးသက်ရောက်မှုအား တိုင်းတာရန်အခြားနည်းလမ်းများကို သင်စဉ်းစားမိပါသလား။

| **SUMMARY AND CONCLUSION** | **(5 mins)** |
| --- | --- |
| **အကျဉ်းချုပ်နှင့် နိဂုံးချုပ်** | **(၅ မိနစ်)** |

- Tell participants that in the next session, they will focus in more detail on the actors and format of community theatre.
- သင်တန်းသူ၊သားများအား နောက်လာမည့် အစီအစဉ်များ တွင် ၎င်းတို့သည် ဇာတ်ကောင်များနှင့် အများပြည်သူပါဝင်သော ပြဇာတ်၏ ပုံစံအား အသေးစိတ် လေ့လာရမည် ဖြစ်ကြောင်း ပြောပါ။
- Ask participants to reflect on the other types of community engagement discussed so far in this training (stakeholder engagement, training, and community theater). Ask participants to think about the common characteristics required for planning all three of these activities. For example, making an assessment of community need is necessary for all three.
- ယခုအချိန်အထိ သင်တန်းတွင် ဆွေးနွေးခဲ့သော အများပြည်သူများနှင့် ချိတ်ဆက်ခြင်း အခြားအမျိုးအစားများကို ပြန်လည် စဉ်းစားစေပါ။ (ပါဝင်ပတ်သက်သူများ နှင့် ချိတ်ဆက်ခြင်း၊ သင်တန်းပေးခြင်းနှင့် အများပြည်သူ ပါဝင်သော ပြဇာတ်)။ သင်တန်းသူ၊သားများအား ဤလှုပ်ရှားမှု (၃) ခုအား စီစဉ်ရာတွင် လိုအပ်သော တူညီသည့် သင်ပြင် လက္ခဏာများကို စဉ်းစားစေပါ။ ဥပမာ - ပြည်သူလူထု လိုအပ်ချက်များကို အကဲဖြတ် စစ်ဆေးခြင်းများ ပြုလုပ်ခြင်းသည် အထက်ပါ (၃) ခုလုံးအတွက် လိုအပ်ပါသည်။
- What other common considerations can participants think of for the planning stage?
- သင်တန်းသူ၊သားများသည် စီစဉ်ရာနှင့် ပတ်သက်၍ မည်သည့် အခြားစဉ်းစားတွေးခေါ်မှုများ လုပ်နိုင်ပါသေးနည်း။

## Handout 6.3.1: Advantages of Community Theater
## ဝေငှစာရွက် (၆.၃.၁) - အများပြည်သူပါဝင်သော ပြဇာတ်၏ ကောင်းကျိုးများ

– Grab the attention and interest of a great number of people. This is because theater is performed live and based on reality. It combines oral communication, physical expression, dance, image, music and song, which work together to maintain people's interest over time.

– Bring people together to openly discuss a problem.

– Arouse strong emotions. The whole person is involved when participating in a drama—the mind, emotions, prejudices, and passions; therefore, the experience and learning is not easily forgotten.

– Be adapted to local realities, because plays can be performed anywhere, at any time and in local languages presenting real life situation.

– Sensitize a community on priority issues and create collective ownership of individual stories.

– Promote tolerance and mutual understanding by allowing the audience or actors to experience a different point-of-view or a role. In facing the problems one faces, someone who was previously seen as the other becomes familiar and gains empathy.

– Encourage participation and self-expression, especially from those who often go unheard.

– Provide entertainment! Many people learn best while enjoying themselves.

- လူအများ၏ စိတ်ဝင်စားမှုနှင့် အာရုံစူးစိုက်မှုကိုရယူပါ။ အဘယ်ကြောင့်ဆိုသော် ပြဇာတ်သည် အမှန်တကယ် ဖြစ်ပျက်သည့် အကြောင်းအရာကို အခြေခံပြီး တိုက်ရိုက်ဖျော်ဖြေ တင်ဆက်နေခြင်းကြောင့် ဖြစ်သည်။ ပြဇာတ်ကို နှုတ်ဖြင့် ဆက်ဆံပြောဆိုခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အမူအရာ၊ အက၊ ရုပ်ပုံ၊ ဂီတနှင့် သီချင်းများဖြင့် ပေါင်းစပ်ထားပြီး လူအများ၏ စိတ်ဝင်စားမှုကို ထိန်းသိမ်းရန် ဤအရာများကို တစ်ချိန်တည်းတွင် အတူတကွ လုပ်ဆောင်ရပါသည်။

- ပြဿနာတစ်ခုကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ရန် လူများကို ဦးဆောင် စုစည်းပါ။

- စိတ်ခံစားမှုကို ပြင်းထန်လာအောင် နှိုးဆွပါ။ ပြဇာတ်ကရာတွင် လူတစ်ယောက်လုံး၏ အတွေး၊ စိတ်ခံစားမှုများ၊ ဘက်လိုက်မှုများ နှင့် စိတ်အားထက်သန်မှုများ ပါဝင်ပါသည်။ ထို့ကြောင့် အတွေ့အကြုံနှင့် လေ့လာသင်ယူမှုကို အလွယ်တကူ မမေ့နိုင်ပါ။

- လက်တွေ့နယ်ပယ်နှင့် တထပ်တည်းကျပါစေ။ အဘယ့်ကြောင့်ဆိုသော် ပြဇာတ်များကို လက်တွေ့ဘဝအခြေအနေ အတိုင်း ဒေသဆိုင်ရာ ဘာသာစကားများ နှင့် နေရာတိုင်း၊ အချိန်တိုင်းတွင် တင်ဆက်နိုင်ပါသည်။

- အရေးပါသော ကိစ္စပြဿနာရပ်များဖြင့် လူထုကို နှိုးဆွပြီး တစ်ဦးတစ်ယောက်ချင်းဆီ၏ အဖြစ်အပျက်များကို ပေါင်းစုပြီး လူအများနှင့် သက်ဆိုင်သည်ကို ဖော်ပြ ဖန်တီးပါ။

- ပရိသတ်နှင့် သရုပ်ဆောင်များအား ကွဲပြားသောအမြင်များ (သို့) အခန်းကဏ္ဍများအား အတွေ့အကြုံ ရရှိစေခြင်းအားဖြင့် အချင်းချင်း သည်းခံနိုင်မှုနှင့် အပြန်အလှန် နားလည်မှုများ ရှိလာအောင်လုပ်ပေးပါ။ ပြဿနာများကို ရင်ဆိုင်ရာတွင်

တစ်ယောက်က ရင်ဆိုင်ပြီး အခြားတစ်ယောက်က အရင်က မြင်ဖူးထားရင် ရင်းနှီးမှု ရှိပြီး ကိုယ်ချင်းစာနာမှုလည်း ရရှိစေပါသည်။

- လှုပ်ရှားမှုများတွင် ပါဝင်မှုနှင့် မိမိအမြင်ကိုဖော်ပြမှု ရှိအောင်အားပေးပါ။ အထူးသဖြင့် စကားသိပ်မပြော သည့်သူများ ထံမှ။
- ဖျော်ဖြေမှုများအား ပံ့ပိုးပေးပါ။ လူအများသည် မိမိကိုယ်မိမိ ပျော်ရွှင်နေလျှင် လေ့လာနိုင်စွမ်း အကောင်းဆုံး ဖြစ်သည်။

Source: Act, Learn, and Teach, Theatre, HIV, and AIDS Toolkit for Youth in Africa, UNESCO-CCIVS Project at 7. Available at: http://unesdoc.unesco.org/images/0014/001492/149283e.pdf)

# Handout 6.3.2: Measuring Community Theater
# ဝေငှစာရွက် (၆.၃.၂) - အများပြည်သူပါဝင်သော ပြဇာတ်အား တိုင်းတာခြင်း

Group 1

Qualitative methods are useful for evaluating the effectiveness of community theater because they allow participants to express what they personally got out of the experience. Qualitative methods highlight people's opinions, hopes, fears, and beliefs about a topic. Common techniques are focus groups, observation, in-depth interviews, and other participatory activities. A neutral evaluator can best observe and assess the program's impact.

Group 2

Evaluation can take several forms, such as:
- Prior to performing the play, interview representatives of the audience to find out how they already view the issue.
- Deliver simple questionnaires to the audience before and after the performance to learn if their views or awareness on a topic have changed after seeing the play.
- Observe the reactions of the audience throughout the event. Are they thoughtfully engaging? Are they giving practical advice?
- Count the number of people who were in attendance.

Group 3

Evaluation can take several forms, such as:
- Keep a record of all the questions that were asked throughout the duration of the project.
- Put up a graffiti wall, a long piece of paper or posters where spectators can anonymously write comments about the performance, what can be improved, and/or what they learned.
- Organize an informal debate immediately after the performance.
- Conduct further debates with people to find how they feel about the issue and to check whether their views shifted over time and if they have taken any actions as a result of participating in the project.

Group 4

After a few weeks or months have passed, you can contact the performing group to find out whether their objectives were met: if the drama was understood as intended, if subsequent debate was created among friends, couples, family or the community, and if any attitudes or behaviours changed as a result. Did the Community Theater make a difference? What was the impact? Considering that the purpose of Community Theater is to create an environment where all people can participate and express their opinions freely, this same intention should underlie the monitoring and evaluation process. Participatory methods, such as an improvised role-play or visual mapping activities, let participants actively demonstrate how they view themselves before and after the project.

**အုပ်စု ၁**

အရည်အသွေးဆိုင်ရာ နည်းပညာများ (qualitative methods) သည် အများပြည်သူပါဝင်သော ပြဇာတ်၏ ထိရောက်မှုကို အကဲဖြတ် စစ်ဆေးခြင်းအတွက် အသုံးဝင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤနည်းပညာများသည် သင်တန်းသူ၊ သားများအား ၎င်းတို့ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများအား ဖော်ပြခွင့်ရရန် အခွင့်အရေးပေးသောကြောင့်ဖြစ်သည်။ အရည်အသွေးဆိုင်ရာ နည်းပညာများသည် ခေါင်းစဉ်တစ်ခုအပေါ် လူတို့၏ထင်မြင်ချက်များ၊ မျှော်လင့်ချက်များ၊ ကြောက်ရွံ့မှုများနှင့်

ယုံကြည်မှုများကို မီးမောင်းထိုးပြသည်။ အသုံးများသော နည်းဗျူဟာများမှာ သေချာရွေးချယ်ထားသော အုပ်စုများ (focus groups)၊ စူးစမ်းလေ့လာခြင်း၊ နှုတ်နှုတ်ချွတ်ချွတ် အင်တာဗျူးခြင်းများ၊ အခြား ပါဝင်နိုင်သော လှုပ်ရှားမှုများ ဖြစ်ကြသည်။ ကြားနေ အကဲဖြတ်စစ်ဆေးသူမှ အကောင်းဆုံး လေ့လာပြီး ပရိုဂရမ်၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်နိုင်သည်။

**အုပ်စု ၂**

အကဲဖြတ်ခြင်းအား ပုံစံများစွာဖြင့်အောက်ပါကဲ့သို့ ပြုလုပ်နိုင်ပါသည်။

- ပြဇာတ် စတင်မတင်ဆက်မီအချိန်တွင် ပရိသတ်ကိုယ်စားလှယ်များအား အင်တာဗျူးပါ။ ထိုသို့ အင်တာဗျူးခြင်းသည် ကိစ္စပြဿနာရပ်အပေါ် ၎င်းတို့ မည်သို့ မြင်သည်ကို သိရှိလိုသောကြောင့် ဖြစ်သည်။
- ပြပွဲ မစတင်မီ နှင့် ပြီးဆုံးသည့်အချိန်တွင် ပရိသတ်များအား စစ်တမ်းမေးခွန်းလွှာများ ပေး၍ ဖြည့်စေပါ။ ထိုသို့ လုပ်ခြင်းသည် ပြဇာတ်ကို ကြည့်ပြီးနောက် ကိစ္စပြဿရပ်အပေါ် သင်တန်းသူ၊သားတို့၏ ထင်မြင်ချက်များ ပြောင်းလဲ သွားသလားကို လေ့လာချင်သောကြောင့် ဖြစ်သည်။
- ပြပွဲတလျှောက်လုံး၌ ပရိသတ်များ၏ တုံ့ပြန်ချက်များကို လေ့လာပါ။ ၎င်းတို့သည် စဉ်းစဉ်းစားစားဖြင့် သေချာအာရုံစိုက်ခဲ့ ကြပါသလား။ ၎င်းတို့သည် လက်တွေ့ကျသော အကြံဉာဏ်များ ပေးကြပါသလား။
- တက်ရောက်သော လူများကို ရေတွက်ထားပါ။

**အုပ်စု ၃**

အကဲဖြတ်ခြင်းအား ပုံစံများစွာဖြင့်အောက်ပါကဲ့သို့ ပြုလုပ်နိုင်ပါသည်။

- ပရောဂျက်တလျှောက်လုံး အတောအတွင်း မေးမြန်းခဲ့သော မေးခွန်းအားလုံးကို မှတ်တမ်းတင်ခဲ့ပါသလား။
- ဆေးရောင်ခြယ်ထားသော နံရံပေါ်တွင် စာရွက်ရှည်ကြီးတရွက် (သို့) ပိုစတာများ ကပ်ထားပါ။ ပွဲကြည့် ပရိသတ်များမှ မိမိတို့ နာမည် မသိစေဘဲ ပြပွဲအကြောင်း မှတ်ချက်များ၊ တိုးတက်လာအောင် မည်သို့ လုပ်ရမည် ဖြစ်ကြောင်း နှင့်/သို့ ၎င်းတို့ ဘာတွေ လေ့လာခဲ့သည်များကို ရေးသားနိုင်သည်။
- ပြဇာတ်ပွဲ ပြီးဆုံးပြီးနောက် ချက်ချင်းပင်လျှင် သမရိုးကျ မဟုတ်သော စကားရည်လုပွဲအား စီစဉ်ပါ။
- ပရိသတ်များနှင့် နောက်ထပ် စကားရည်လုပွဲများ ကျင်းပပါ။ သို့မှသာ ဤကိစ္စရပ် ပြဿနာအပေါ် ၎င်းတို့ မည်သို့ ခံစားသည်ကို သိရှိနိုင်ပြီး ၎င်းတို့၏ အမြင်များသည် အချိန်ကြာရှည်လာသည်နှင့်အမျှ ပြောင်းလဲလာသလား ဆိုသည်နှင့် ပရောဂျက်တွင် ပါဝင်ခြင်းအားဖြင့် အရေးယူဆောင်ရွက်မှုများ ရှိမရှိကို စစ်ဆေးသိရှိနိုင်ပါသည်။

**အုပ်စု ၄**

ရက်သတ္တပတ် (သို့) လအနည်းငယ်ကြာပြီးနောက် သင်သည် ပြဇာတ်တွင် ဖျော်ဖြေသွားသည့်အဖွဲ့ နှင့် ဆက်သွယ်နိုင်ပြီး ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် ကိုက်၊မကိုက်ကို ရှာဖွေနိုင်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်များမှာ ပြဇာတ် ဇာတ်လမ်းသည် ၎င်းတို့ ရည်ရွယ်ထားသကဲ့သို့ နားလည်နိုင်သလား၊ သူငယ်ချင်းများ၊ စုံတွဲများ၊ မိသားစုများ (သို့) လူမှုအသိုင်းအဝိုင်းများ ကြားမှာ နောက်ဆက်တွဲ စကားရည်လုပွဲအား ဖန်တီးနိုင်ခဲ့သလား နှင့် အကျိုးရလဒ်တခုအဖြစ် စိတ်သဘောထားများ (သို့) အပြုအမူများ ပြောင်းလဲမှု ရှိသလား ဆိုသည်တို့ ဖြစ်သည်။ အများပြည်သူပါဝင်သော ပြဇာတ်သည် ကွဲပြားခြားနားမှုတစ်ခုကို ပြုလုပ်နိုင်ခဲ့သလား။ အကျိုးရလဒ်သည် အဘယ်နည်း။ အများပြည်သူပါဝင်သော ပြဇာတ်၏ ရည်ရွယ်ချက်သည် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးလိုခြင်း ဖြစ်သည်ဟု စဉ်းစားကြည့်ကြရအောင်။ ထိုပတ်ဝန်းကျင်တွင် လူအားလုံး ပါဝင်နိုင်ပြီး မိမိတို့၏ ထင်မြင်ချက်များကို လွတ်လပ်စွာ ဖော်ပြခွင့်ရှိသည်။ စောင့်ကြည့်မှတ်သားခြင်း နှင့် အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက်လည်း ရည်ရွယ်ချက် အတူတူဖြစ်သင့်သည်။ အများပါဝင်နိုင်သော နည်းပညာများ ဖြစ်သည့် လက်တန်း ပြောရသည့် သရုပ်ဖော် တင်ပြခြင်း (သို့) အမြင်အာရုံဖြင့် လုပ်ဆောင်ရသော လှုပ်ရှားမှုများသည် ပါဝင်ကြသည့် သူများအား ပရောဂျက်မလုပ်မီ နှင့် လုပ်ပြီးနောက်၌ ၎င်းတို့ မည်သို့ ကြည့်မြင်သည်ကို တက်ကြွစွာ ဖော်ပြနိုင်စေသည်။